# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၆)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၃–၄–၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှိုဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် H.E. Mr. Kallayana Vipattipumiprates နှင့် Gen. Nothapol Boonngam နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/စလ**

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ ကြာသပတေးနေ့။
မန္တလေး

# ပညာရရှိရန် စာအုပ်၊ စာပေများကို အစဉ်တစိုက် လေ့လာရမည်

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သော သဘောရှိပါသည်။ ကျောင်းသားကျောင်းသူများ အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစားစုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။

စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောက၏ သဘာဝနှင့် အလှအပတို့အပေါ် နားလည်ခံစားမှုတို့မှတစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။

သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ရယူကြရသည်။ ထို့ကြောင့် သုတစာပေဖြစ်စေ၊ ရသစာပေဖြစ်စေ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ရှိကြဖို့လိုသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရွယ်အလိုက် စာပေကိုဖတ်ရှုရန် အလေ့အကျင့်ရဖို့ ပျိုးထောင်ပေးဖို့လည်း လိုအပ်သည်။ ပညာပြည့်ဝနှလုံးလှရန်အတွက် လူတိုင်း မိမိကိုယ်ကိုမြှင့်တင်ရန် မဖြစ်မနေလုပ်ရမည့် အလုပ်မှာ စာတတ်သူတိုင်း စာဖတ်ကြရန်ပင်ဖြစ်သည်။ စာအုပ် ဝယ်ဖတ်ရန် ငွေကြေးမရှင်းနှီးလိုသူများ၊ လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများ ငွေကုန်ကြေးကျမရှိ စာဖတ်နိုင်သည့် နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်များ၏ လုပ်ငန်းယန္တရားလည်ပတ်မှုသည် စာဖတ်သူတို့ များပြားစည်ကားသည်နှင့်အမျှ ပိုမိုသွက်လက်လှုပ်ရှားလာနိုင်မည်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စဉ်းစားတွေးခေါ်ဉာဏ်နှင့်အသိပညာ၊ ဗလငါးတန်တို့ ပြည့်စုံရေးအတွက် ပညာရရှိရန် စာအုပ်၊ စာပေများကို အစဉ်တစိုက် လေ့လာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတရုံးတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပန်ဆောင်မြို့တွင် အရှည်ပေ ၁၀၀၀ ရေပိုက်လိုင်းများသွယ်တန်း

**ပန်ဆောင် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပန်ဆောင်မြို့တွင် အရှည်ပေ ၁၀၀၀ ရေပိုက်လိုင်းများသွယ်တန်းထားကြောင်း သိရသည်။

ပန်ဆောင်မြို့စည်ပင်သာယာရေးဦးစီးဌာနနှင့် ဈေးကော်မတီဝင်များ၏ ရန်ပုံငွေဖြင့် ဈေးတန်းများတွင် ရေပိုက်လိုင်းကို စတင်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ပန်ဆောင်မြို့ စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ဦးပိုင်ဆူးကြီးနှင့် ဝန်ထမ်းများက ရေပိုက်သွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။ မူလက ပေ ၇၀၀ ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း လက်ရှိအခြေအနေတွင် ပေ ၁၀၀၀ အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပန်ဆောင်မြို့မှ အိမ်ခြေ ၃၅ အိမ်၊ လူဦးရေ ၁၀၅ ဦးအတွက် အရှည်ပေ ၁၀၀၀ ရေပိုက်သွယ်တန်းနေခြင်းဖြစ်ပြီး ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးသွားပါက မြို့လူထုအတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။ (၃၉၄)

## "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ အမှတ်ပေးရွေးချယ်

**မန္တလေး ဧပြီ ၂၂**

၂၀၂၆ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှသင်္ကြန်ပွဲ" ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ အမှတ်ပေးရွေးချယ်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ ပြိုင်ပွဲဝင် ဓာတ်ပုံဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ"ခေါင်းစဉ်တွင် ၁၉ ပုံ၊ "ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်တွင် ၄၁ ပုံ တို့ကို အကဲဖြတ်ဒိုင်များအဖြစ် ဦးမျိုးသန့်(စိန်)၊ ဦးစောအောင်မင်း (နယူးအာရှ)၊ ဦးမောင်မောင်လှတင့်(မန်းတက္ကသိုလ်)၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်း တို့က အမှတ်ပေးရွေးချယ်ကြသည်။

အဆိုပါ ရွေးချယ်ထားသော ပြိုင်ပွဲဝင်ပုံ ၂၅ ပုံကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ Mandalay City - MCDC Facebook Page တွင် တင်၍ (၂၃-၄-၂၀၂၆)ရက်မှ (၂၉-၄-၂၀၂၆)ရက် ညနေ ၄ နာရီအထိ Like ရရှိမှု အရေအတွက်ပေါ် မူတည်၍ ဆုရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀





နှစ်ဖက်သော မိဘဆွေမျိုးများအား အမှူးထား၍ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးဝသန်မောင် (ခ)ဦးထွဋ်အောင်+ဒေါ်ထွေးထွေးအောင်မိသားစုတို့က စတုဒိသာ နှစ်သစ်အလှူကို မန္တလေးမြို့၊ ၃၉လမ်းနှင့် ၅၉လမ်းထောင့်တွင် ဧပြီ ၂၁ ရက် ညနေ ၄ နာရီက ကြက်သားသုပ်၊ ငါးပိကြော်၊ ပဲတီချဉ်သုပ်၊ အအေးတို့ဖြင့် လူဦးရေ ၁၀၀၀ ကို ကျွေးမွေးလှူဒါန်းစဉ်။ (၀၆၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❒ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ သံတမန်ဆက်ဆံမှုများ ရှည်ကြာ ကောင်းမွန်လျက်ရှိမှု အခြေအနေများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသ ကုန်သွယ်မှုများမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့က နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့်ဆက်လက်လျှောက်လှမ်းလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ပါ အချက်များတွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် အခြားအချက်များကို အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**❝ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များလျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး ❞**



**အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ကို ယနေ့တွင် Jasmine Nay Pyi Taw Hotel ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြား




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၂

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်သူရကျင်စံခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၎င်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ် စွမ်းရည်ရှိသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း ကိုယ်စီအရည်အချင်းရှိအောင် တည်ဆောက်ရန် လိုကြောင်း၊ နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည် ထက်မြက်ရမည်ဖြစ်ပြီး ထိုသို့ တပ်မတော် စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည် အလွန်အရေးကြီးကြောင်း၊ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရန် လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေ လိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လိုကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်ကြောင်း။

စစ်ပညာ၏ အခြေခံသည် စစ်ရေးပြပင်ဖြစ်ပြီး အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်၍ စစ်ကျောင်းကြီးများအနေဖြင့် စနစ်တကျ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်ခြင်းဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေး စွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်း ထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား ဆောင်ရွက်သွားရန် လိုအပ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု အားနည်းချက်ကို ဖြစ်ပေါ်နိုင်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကိုယ်ချင်းစာတရားများ ရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှုရှိရန်လိုကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်နှင့် တားမြစ်ချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းသည် တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်ရှိရမည်ဖြစ်ပြီး ခွင့်လွှတ်သင့်သည်ကို ခွင့်လွှတ်ပေးရမည်ဖြစ်ကာ ခွင့်လွှတ်ပေး၍မရသည့် ကိစ္စရပ်များကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ သွေဖည်ပြီး လုပ်ဆောင်၍မရသဖြင့် စည်းကမ်းကို ချိုးဖောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်းရှိသည့်၊ စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းစောင့်ထိန်းလိုက်နာနိုင်ရန် လိုအပ်သော်လည်း အစွန်းရောက်သော တင်းကျပ်မှုမဖြစ်ရန် သတိပြုရမည်ဖြစ်ကြောင်း။

စည်းကမ်းသည် စည်းရုံးရေး၏ အခြေခံအချက်ပင်ဖြစ်ပြီး စည်းကမ်းကောင်းမွန်မှု မရှိပါက စည်းရုံးရေးပျက်ပြားနိုင်သဖြင့် စည်းကမ်းကောင်းမှ စည်းရုံးရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်လိုအပ်ပြီး ဝတ်စားဆင်ယင်မှုစည်းကမ်း၊ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ လုပ်ကိုင်မှုစည်းကမ်း စသည်တို့ကို ပီပီပြင်ပြင်လုပ်ဆောင်သွားပါက ၎င်းတပ်သည် တပ်ကောင်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်များအပေါ်တွင် စေတနာထား၍ လုပ်ဆောင်ရန် လိုအပ်ပြီး သက်သာချောင်ချိရေးဆိုသည်မှာ စားရေး၊ သောက်ရေး သာမက နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး စသည်ဖြင့် အားလုံးခြုံငုံ၍ အဆင်ပြေရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ သက်သာချောင်ချိရေး ဆိုသည်မှာ ထောက်ပံ့ပေးသည့် ငွေကြေး(သို့မဟုတ်) ပစ္စည်း၊ အစားအသောက် ဆောင်ရွက်ပေးရုံသာမက ၎င်းတို့၏ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သက်သာချောင်ချိရေးကောင်းမွန်မှုသည် အုပ်ချုပ်ရေးနှင့် စိတ်ဓာတ်အပေါ်များစွာ အထောက်အကူပြုပါကြောင်း။

တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးလုပ်စေခြင်းသည် မိသားစု၏ ပြင်ပမှ ဝယ်ယူစားသုံးမှုအတွက် ငွေကြေးကုန်ကျမှု လျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုး/မွေးမြူရေးသည် တပ်ရန်ပုံငွေတိုးပွားအောင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်ဖြစ်ပြီး ပိုလျှံသောထွက်ကုန်ပစ္စည်းများအား ဒေသတွင်းရှိ ဝန်ထမ်းများအတွက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းများကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်သည်ကို နားလည်စေရန်အတွက် ရှင်းပြပေးရန်လိုအပ်ပြီး တပ်ပိုင်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ကြရန်လိုကြောင်း။

တပ်မှူးအားလုံးသည် မိမိတို့တပ်ဖွဲ့အတွင်း မှီခိုနေထိုင်ကြသည့် တပ်မတော်သားများ၏ မိသားစုဝင်များ ကျောင်းပညာမြင့်မားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးကြရန် ပြောကြားလိုကြောင်း၊ တပ်မတော်သားများ၏ အရည်အသွေးသာမက သားသမီးများ၏ပညာရေးကိုလည်း မြှင့်တင်ပေးနိုင်ရန် တစ်နှစ် နှစ်ကြိမ် ထောက်ပံ့ရန် ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၏ သားသမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံး တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းအပိုင်းတွင် ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးတို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏စိတ်ဓာတ်မြင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့် လက်အောက်နှင့်အနီးကပ် တွေ့ဆုံပြီး လက်ပွန်းတတီးနေထိုင်ရန် လိုအပ်ကြောင်း။

စာမျက်နှာ ၅ သို့★

★ တပ်မတော်အနေဖြင့် စွမ်းရည် သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေ လိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လို

★ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်

★ တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး ဒေါ်နီလာ မကွေးတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူ လျက်ရှိသည့် အရာရှိ၊ စစ်သည် များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ နှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ အား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း ၏ ရောဂါဖြစ်ပွားမှုအခြေအနေ များ၊ ဆေးဝါးကုသမှုပေးထား သည့် အခြေအနေများနှင့် ကျန်းမာ ရေး တိုးတက်ကောင်းမွန်မှု အခြေ အနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ သည် အမျိုးသမီးနှင့် ကလေးကုသ ဆောင်များသို့သွားရောက်၍ဆေးရုံ တက်ရောက် ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံ အတွက် အလှူငွေများ ပေးအပ် သည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရ သည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

★ စာမျက်နှာ ၄ မှ

ပြည်သူနှင့် တပ်မတော်ဆို သည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့် တပ်မတော်သည် ချစ်ချစ်ခင်ခင် နှင့် စည်းစည်းလုံးလုံးရှိနေစေရန် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် (၂၄)နာရီတာဝန်ရှိပြီး ပြည်သူ့ အကျိုးစီးပွားကို ဖော်ဆောင်ပေး ရမည်ဖြစ်ကြောင်း၊ တပ်မတော် သည် ပြည်သူများက ပေါက်ဖွား လာခြင်းဖြစ်သည့်အတွက် ပြည်သူ့ အကျိုးကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်း ခံယူထားရမည် ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသား ဖြစ်ရမည့် စိတ်ဓာတ်ဖြစ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

မိမိတို့ လုပ်ဆောင်ရသော အလုပ်ကို သိရှိအောင်လုပ်ပြီး ၎င်းအလုပ်ကို ကောင်းမွန်အောင် မည်သို့လုပ်ဆောင်မည်၊ တိုးတက် အောင် မည်သို့လုပ်ဆောင်မည်၊ အင်အားတိုးတက်အောင် မည်သို့ လုပ်ဆောင်မည်ဟူသော စိတ်ဓာတ် ကို မွေးမြူပြီး ဂရုတစိုက် လုပ်ဆောင်သွားမည် ဆိုပါက မိမိတို့တပ်မတော်၏ အရည်အသွေး တိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ် မှ အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် စားသောက်ဖွယ်ရာပစ္စည်း များကို ပေးအပ်ရာ တပ်နယ်မှူး ကလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်း ကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက် လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်ရင်း အတွင်း လက်ရှိ အခြေခံပညာ မူလတန်းကျောင်းအား အခြေခံ ပညာ အလယ်တန်းကျောင်းအဆင့် တိုးချဲ့ဆောက်လုပ်မည့် နေရာ အားလည်းကောင်း၊ နယ်မြေခံ လေတပ်စခန်း ဌာနချုပ်အတွင်း မီတာ ၄၀၀ ရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် ၁၅၅၆ ဦးဆံ့ ပွဲကြည့်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့များသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း အနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်ကာ လေကြောင်းခရီးစဉ်များ တိုးချဲ့ ပျံသန်းပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် သုံးရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲ ပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |
| ၂ | ဗုဒ္ဓဟူးနေ့ | ရန်ကုန်-ကျောက်ဖြူ-မာန်အောင်-ရန်ကုန် |
| ၃ | သောကြာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုကာ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် ၆ ရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၂ | အင်္ဂါနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၃ | ဗုဒ္ဓဟူးနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၄ | ကြာသပတေးနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၅ | သောကြာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၆ | တနင်္ဂနွေနေ့ | မြိတ်-ထားဝယ်-မြိတ် |

တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ် အသေးစိတ်အချက်အလက်များနှင့် လေယာဉ်လက်မှတ်များ အား မြန်မာအမျိုးသားလေကြောင်း Website ဖြစ်သည့် www.flymna.com တွင် ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်ပြီး သက်ဆိုင်ရာမြို့များရှိ လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

## စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။ (ယာပုံ)

တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ယခုအချိန်သည် နှစ်နိုင်ငံစလုံးတွင် အစိုးရသစ်များ အသီးသီးဖွဲ့စည်းခဲ့ပြီး အရေးကြီးသည့် အကူးအပြောင်းကာလဖြစ်ရာ နှစ်နိုင်ငံအကြား၌ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားရှိ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်(JC) နှင့် ကုန်သွယ်ရေးပူးတွဲကော်မရှင် (JTC) တို့ ပြန်လည်စတင်နိုင်ရေး၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြုသဘော ဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုထောက်ခံမှုပြသသော ခရီးစဉ်တစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထိုင်းနိုင်ငံအနေဖြင့် ထောက်ခံပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့်အပြင် နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ သာယာဝပြောရေးအတွက် အထူးအရေးကြီးပါသဖြင့် နယ်စပ်ဒေသရှိ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးပေးရန် ဆန္ဒရှိမှုအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူဘောင်ကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်မှုအပေါ် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် အကျဉ်းသားများ လွှတ်ပေးခဲ့ခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခဲ့ခြင်းကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် ပါဝင်ပံ့ပိုးပေးလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးအတွက် ထောက်ခံပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

◎ စာမျက်နှာ ၂၄ မှ

အခြားတစ်ဖက်တွင်လည်း CRPH နှင့် NUG တို့က ၎င်းတို့သည်သာ ပြည်သူရွေးကောက်တင်မြှောက်ထားသည့် တရားဝင်အစိုးရဟု ဆိုပြန်သည်။ ထိုသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မရှိတော့ဟုဆိုပါလျှင် ၎င်းတို့လည်းရှိတော့မည်မဟုတ်ပေ။ ၎င်းတို့ တရားဝင် တည်ရှိနေသည်ဆိုပြန်လျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)က တည်ရှိဆဲဖြစ်သည်ကို အသိအမှတ်ပြုသကဲ့သို့ ဖြစ်နေသည်။ CRPH နှင့် NUG တို့သည် လမ်းပေါ်လျှောက်ရင်း လမ်းပျောက်နေသူများပင် ဖြစ်သည်။

၎င်းတို့သာ ရွေးကောက်ခံအစိုးရဆိုပြီး NUG ကို ဖွဲ့စည်းကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ သက်တမ်းကကုန်ပြီဖြစ်သည်။ ၎င်းတို့ သည် မည်သို့ပင် တရားဝင်သည်ပြောနေသော်လည်း အခြေခံဥပဒေဖျက်သည်ဆိုလျှင်လည်း ပျက်သည့်အဖွဲ့အစည်း၊ အခြေခံဥပဒေတည်ဆဲပါဆိုလျှင်လည်း သက်တမ်းကုန်သည့် အဖွဲ့အစည်းအဖြစ် ရပ်လုံးသဏ္ဍာန်မှာ ပီပြင်လာခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့အနေဖြင့်လည်း လမ်းကြောင်းအမှန်ကို စဉ်းစားချိန်တန်ပြီဖြစ်သည်။ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်သား ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေနှင့် တိုးမြှင့်လုပ်ဆောင်သွားမည့်အခြေအနေတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် လုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်နိုင်ရေးကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ရက် (၁၀၀) စီမံချက်နှင့်ပတ်သက်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး လိုအပ်သည့် အခက်အခဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# ဆင္ဃသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် ဧပြီ ၂၂

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း၌ ကျင်းပမည့် ဆင္ဃသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (မြေညီထပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်နှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဧပြီ ၃၀ ရက်တွင် ကျရောက်မည့် ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ဆင္ဃသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်မြောက်သည့် နေ့ဖြစ်သည့်အတွက် ဆင္ဃသင်္ဂါယနာတင်အောင်ပွဲနှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ဆင္ဃသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် တင်ပြခဲ့ပြီးဖြစ်ကြောင်း။

သံဃာတော်များ ပင့်ဆောင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီအနေဖြင့် ဖိတ်စာနှင့် ပင့်လျှောက်လွှာများ လက်ခံရရှိခြင်း ရှိ/မရှိကိုပါ စိစစ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးရုံးကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြပေးရန်လိုကြောင်း၊ အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများ ခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီအနေဖြင့် ပြတိုက်ပြခန်းများ ခင်းကျင်းပြသရမည့် အခြေအနေများကို ရှင်းပြမည့် တာဝန်ရှိသူများအား အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ အသုံးအနှုန်းကအစ ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများထုတ်ဝေရေး ဆပ်ကော်မတီအနေဖြင့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေး ဆောင်ရွက်လျက်ရှိရာ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်မဖြစ်သည့် စာမူများဖြစ်ရန်၊ အဓမ္မဝါဒီစာမူများမဖြစ်စေရန်လိုအပ်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဥယျောဇဉ်နှင့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သဝဏ်လွှာနှင့်မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနသို့ ဧပြီ ၈ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဒေဝါဝင်းရာဇာဝင်းများဖြင့် လှည့်လည်ပူဇော်ရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီအနေဖြင့် ပိဋကသုံးပုံကို မင်္ဂလာဆင်တော်ဖြင့် ပင့်ဆောင်မည့် အခြေအနေနှင့် လေ့ကျင့်သင်ကြားပေးနေသည့် မင်္ဂလာဆင်တော်၏ အခြေအနေကိုလည်း တင်ပြပေးစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးနှင့် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ၊ ဆောင်ရွက်ရမည့် အစီအမံများ၊ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အကြံပြုချက်များကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျင်းပရေးနာယကအဖွဲ့ဝင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများ ခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေး ဆပ်ကော်မတီအနေဖြင့် ဆင္ဃသင်္ဂါယနာတင် ၃၁ အုပ် Scan ဖတ်ပြီး အုပ်ရေ ၅၀၀ ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်ပစ္စည်းများအနေဖြင့် တီရှပ်၊ ရေခွက်၊ ကီးချိန်း၊ ဘောပင်၊ ပြက္ခဒိန်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အစွမ်းကုန် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နေ့ရက်အလိုက် ကျင်းပမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားပြီး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး




နေပြည်တော် ဧပြီ ၂၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း/ အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ ဧည့်ခန်းမ၌ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ Synthetic ပြေးလမ်း၊ Indoor Stadium (A , B , C) ရုံ၊ ရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့် စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို Max Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူနှင့် အားကစားကွင်း/ အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း VIP မှန်ဧည့်ခန်းမ မျက်နှာကြက်နှင့် အခန်းပတ်လည်မျက်နှာစာမှန်များ တပ်ဆင်ပြီးစီးမှု၊ Synthetic ပြေးလမ်း ခင်းကျင်းပြီးစီးမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်နှင့် ရေဖျန်းစနစ် တပ်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြက်ခင်းပြင် စိမ်းလန်းစိုပြည်စေရေးနှင့် ပြေးလမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၊ (B)နှင့် (C)တို့ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ ပြိုင်ပွဲကန်၊ ဒိုင်ဗင်ကန်နှင့် လေ့ကျင့်ရေးရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံနှင့် ဘိလိယက်နှင့်စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ ရေရှည်တည်တံ့စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စေတနာထား၍ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး ပြည်သူများ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရွှေဘိုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

ရွှေဘို ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်များ၊UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်နေသည့် ပြည်သူများအား ကြည့်ရှုအားပေးသည်။

အဆိုပါကာလအတွင်း ရပ်ကွက်/ကျေးရွာများမှ လာရောက်လုပ်ကိုင်သော ပြည်သူများ ပိုမိုအဆင်ပြေစေရန်အတွက် လုံခြုံရေးအစောင့်အရှောက်ရှိသော ပြည်သူများနားနေဆောင်တွင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၂ ရက်အထိ နိုင်-၃(က) ၈၇ ဦး၊ နိုင်-၆(က) ၁၂၁ ဦး စုစုပေါင်း ၂၀၈ ဦးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီး ပြင်ဦးလွင်မြို့တွင် ယာယီသီတင်းသုံးတော်မူမည့်နေရာသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်ပါပို့ဆောင်၊ ပြင်ဦးလွင်မြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး





**မန္တလေး ဧပြီ ၂၂**

ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူနေသည့် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီး ယာယီသီတင်းသုံးတော်မူမည့် ပြင်ဦးလွင်မြို့ရှိ သီးသန့်နားနေဆောင်သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက လိုက်ပါပို့ဆောင်ခဲ့သည်။

ဦးစွာ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီး သီတင်းသုံးတော်မူနေသည့် ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ရှိ မူလသိမ်ကျောင်းတော်ကြီးသို့ သွားရောက်ဖူးမြော်ပြီးနောက် သက်တော်ရှည်ဆရာတော်ကြီးနှင့်အတူ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တယာနိကနှင့်တပည့်သံဃာတော်များ လိုက်ပါပြီး ယာယီသီတင်းသုံးတော်မူမည့် ပြင်ဦးလွင်မြို့ရှိ သီးသန့်နားနေဆောင်သို့ လိုက်ပါပို့ဆောင်ခဲ့ပြီး အဆိုပါ သီးသန့်နားနေဆောင်တွင် သက်တော်ရှည်ဆရာတော်ကြီးအား ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ (၁/၇၀၀)မှ တပ်မှူးနှင့် အထူးကုသမားတော်ကြီးများ၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့်အာဟာရဖြည့်စွက်စာများ ဆက်ကပ်လှူဒါန်းပြီးနောက် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည့် စောင့်ရှောက်မှုများပေးနိုင်ရန် သြဝါဒများခံယူခဲ့ကြပြီး သက်တော်ရှည်ဆရာတော်ကြီးမှာ အဆိုပါသီးသန့်နားနေဆောင်တွင် ကျန်းမာရေးကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူလျက်ရှိသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါပြီး ပြင်ဦးလွင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးရာ ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများ များပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ယာဉ်ကြောကျပ်တည်းမှုများမဖြစ်ပေါ်စေရေး၊ ဒေသထွက်ကုန်အခြေခံကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာတွင် အဓိကကျသည့်တောင်ပေါ်၊ မြေပြန့်ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေး တို့တွင် များစွာအထောက်အကူပြုမည့် ရပ်ကွက်ကြီး (၂၁) မိုးကြိုး၊ လေးအိမ်စုရွာ၊ တောင်ပြိုရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်းအရှည်ပေ ၅၃၀၀ ရှိသည့် လမ်းကြောင်း



(၁)နှင့် စုစုပေါင်းအရှည်ပေ ၄၁၀၀ ရှိ လမ်းကြောင်း (၂) ဖောက်လုပ်သွားမည့် လမ်းအူကြောင်းများ၊ အကျယ် ၂၄ ပေ နှင့် အရှည်ပေ ၈၀ ရှိ Steel plate girder တံတားအသစ်နှစ်စင်း တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ ပွဲကောက်ရေတံခွန်အနီး ဂဲလောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် မူလ(၁၅)ပေအကျယ် ဘေလီတံတားအား (၂၄)ပေအကျယ် သံကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ပြင်ဦးလွင်ဘူတာနှင့်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(လခွဲ)ရှေ့ရှိ အောင်ဇေယျလမ်းမအား ပေ ၁၅၀၀ အရှည်အထိ မူလ(၂၄)ပေအကျယ်အား ပေ(၅၀)အကျယ် (၄)လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဆောင်ရွက်မည့်လုပ်ငန်းများကို အမြန်ဆုံးစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## လူငယ်နှင့် စာရိတ္တအကြောင်း အသိပညာပေး(Talk Show) ကျင်းပ




**ချောက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် လူငယ်များ စာရိတ္တမပျက်ပြားစေရန် စောင့်ထိန်းရမည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့် အသိပညာပေး(Talk Show)ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါအသိပညာပေး(Talk Show)အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက စာရိတ္တဆိုသည်မှာ ကိုယ်ကျင့်တရား၊ အကျင့်ဟု အဓိပ္ပာယ်ရကြောင်း၊ စာရိတ္တမြင့်မားရန်အတွက် မိဘ၊ ဆရာများ၏ ထိန်းကျောင်းသွန်သင်မှုအပြင် ပတ်ဝန်းကျင်၏ ဝိုင်းဝန်းပြုစုပျိုးထောင်ပေးမှုလည်း လိုအပ်ကြောင်း၊ ငယ်စဉ်ကျောင်းနေအရွယ် ကလေးသူငယ်ဘဝကတည်းက စာရိတ္တကောင်းမွန်အောင် အခြေခံတည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်တွေမှာ စာရိတ္တမဏ္ဍိုင် မယိမ်းမယိုင်ဘဲ လက်ကိုင်ပြုထားဖို့လည်းလိုကြောင်း၊ ကိုယ်ကျင့်တရားဟာ လူသားတိုင်း မရှိမဖြစ်လိုအပ်တဲ့ ဂုဏ်သိက္ခာတစ်ရပ်ပင်ဖြစ်ကြောင်း ကျွမ်းကျင်(၃) ရပ်သံ(ပြ)ဒေါ်အေးအေးမူနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သားဖွားသင်တန်းကျောင်း(မန္တလေး) ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ပထမနှစ်(၁/၂၀၂၆) သင်တန်းသူများ၏ (၁၃)ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဧပြီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း(မန္တလေး)မှ ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း၊ ပထမနှစ်(၁/၂၀၂၆) ပညာသင်နှစ်သင်တန်းသူများ၏ (၁၃)ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ သားဖွားသင်တန်းကျောင်းခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားစီမံဆောင်ရွက်နေပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အလွန်အရေးပါပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ကာ အခြေခံကျသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို တာဝန်ယူဆောင်ရွက်ကြမည့် ဘက်စုံသားဖွားဆရာမများသည်လည်း ကျန်းမာရေးစီမံကိန်းလုပ်ငန်းများ၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အသိပညာနှင့် အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန်လိုအပ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စေတနာ၊ မေတ္တာကို အရင်းခံ၍ သစ္စာရှိကာ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံတော်၏ ရည်မှန်းချက်များပြည့်မီအောင် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သားဖွားသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က သားဖွားဆရာမများအနေဖြင့် မိခင်သေနှုန်းနှင့် ကလေးသေနှုန်းကိုလျှော့ချရာတွင် အခြားကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏စေတနာနှင့် ကျေးဇူးသစ္စာကိုစောင့်သိကာ ပြည်သူများ၏ ယုံကြည်အားကိုးထိုက်သည့် အရည်အသွေးပြည့်ဝကျွမ်းကျင်သည့် ဘက်စုံနှင့် သားဖွားဆရာမကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့သည်။

ထို့နောက် သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သားဖွားသင်တန်းသူ ၁၀၈ ဦးအား ဦးဆောင်းများ အပ်နှင်းပေးပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့က သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုတံဆိပ်များချီးမြှင့်ခဲ့ကြောင်း၊ သားဖွားသင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ကရဏာအလင်းဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုခဲ့ကြကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေး



**ကန့်ဘလူ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီမှစ၍ အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကန့်ဘလူမြို့နယ်ဦးစီးမှူး ဦးလေးဆွေနှင့်ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ကန့်ဘလူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးက လာရောက်ကြည့်ရှုအားပေးပြီး လာရောက်လုပ်ကိုင်သူပြည်သူများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန့်ဘလူမြို့ရှိ ကျန်သည့်ရပ်ကွက်များတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၉၄)

**(ယာပုံ)**

# အရှေ့အလယ်ပိုင်းစိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရန်အတွက် တရုတ်နိုင်ငံ အဆင်သင့်ရှိသည်ဟု သမ္မတ ရှီကျင့်ဖျင်ပြောကြား



ပေကျင်း ဧပြီ ၂၂

ဒေသတွင်း ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများသည် အာဖရိကနိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာနေသဖြင့် လက်ရှိအရှေ့အလယ်ပိုင်းအခြေအနေကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် အဆင်သင့်ရှိသည်ဟု သမ္မတ ရှီကျင့်ဖျင်က ဧပြီ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့သို့ ရောက်ရှိနေသည့် မိုဇမ်ဘစ်သမ္မတ ဒန်နီရယ် ဖရန်စစ္စကိုချာပိုနှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်စလုံးအနေဖြင့် ငြိမ်းချမ်းရေးမူဝါဒများကို လိုက်နာရန်၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပိုင်းဖြတ်ထားမှုကို ထိန်းသိမ်းရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း တိုက်တွန်းခဲ့သည်။

တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများသည် အပစ်အခတ်ရပ်စဲရေးနှင့် ရန်လိုမှုများ အဆုံးသတ်ရေးအတွက်လည်းကောင်း၊ တန်းတူရည်တူရှိသည့် ဆွေးနွေးမှုများမှတစ်ဆင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရေးအတွက်လည်းကောင်း အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာမိသားစုအနေဖြင့် စစ်မှန်သော ဘက်ပေါင်းစုံဝါဒကို ကျင့်သုံးရန်နှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူဝါဒများအပြင် နိုင်ငံတကာဆက်ဆံရေးကို အုပ်ချုပ်သည့် အခြေခံစံနှုန်းများကို လိုက်နာစောင့်ထိန်းရန် နှစ်ဖက်စလုံးက တိုက်တွန်းသင့်သည်ဟု သမ္မတ ရှီက ဖြည့်စွက်ပြောကြားကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အပစ်အခတ်ရပ်စဲရေးကိစ္စ ဒေါ်နယ်လ်ထရမ့် ပြောကြားပြီးနောက် အာရှဈေးကွက်တွင် ကမ္ဘာ့ရေနံဈေးနှုန်းများ အနည်းငယ်ကျဆင်း

ဝါရှင်တန် ဧပြီ ၂၂

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အီရန်နိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်မှု မရှိမချင်း အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးမည်ဟု ပြောကြားလိုက်ပြီးနောက် ဗုဒ္ဓဟူးနေ့ အာရှဈေးကွက်တွင် ကမ္ဘာ့ရေနံဈေးနှုန်းများ အနည်းငယ်ကျဆင်းသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရန်အစိုးရဘက်မှ စုစည်းညီညွတ်သော အဆိုပြုချက်တစ်ခု တင်ပြနိုင်ခြင်းမရှိမချင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်ဆိပ်ကမ်းများကို ဆက်လက်ပိတ်ဆို့ထားမည်ဟု သမ္မတ ထရမ့်က ဆက်လက်ပြောကြားသည်။

ဈေးကွက်ဖွင့်ချိန်တွင် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘရန့်ရေနံစိမ်းဈေးနှုန်းမှာ ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းကာ တစ်စည်လျှင် ၉၇ ဒသမ ၆၀ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး အနောက်တက္ကဆက် ရေနံစိမ်းဈေးနှုန်းမှာ ၁ ရာခိုင်နှုန်း ကျဆင်းကာ တစ်စည်လျှင် ၈၈ ဒသမ ၇၀ ဒေါ်လာသို့ ရောက်ရှိသွားသည်။

လွန်ခဲ့သော ဖေဖော်ဝါရီ ၂၈ ရက်တွင် အမေရိကန်နှင့် အစ္စရေးတို့က အီရန်ကို တိုက်ခိုက်ခဲ့ပြီးနောက် အီရန်က အရေးပါသော ဟော်မုဇ်ရေလက်ကြားအတွင်းရှိ သင်္ဘောများကို ပစ်မှတ်ထားမည်ဟု ခြိမ်းခြောက်တုံ့ပြန်ခဲ့သဖြင့် စွမ်းအင်ဈေးကွက်မှာ မတည်မငြိမ်ဖြစ်ပေါ်နေခဲ့ခြင်းဖြစ်သည်။

မူလက သတ်မှတ်ထားသည့် နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော်လည်း အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှုအတွက် နောက်ဆုံးသတ်မှတ်ရက်ကို ထရမ့်က အတိအကျ ထုတ်ပြန်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀

## ဗြိတိန်မှ အသက် ၁၇ နှစ်နှင့် အောက်အရွယ် ကလေးငယ်များကို တစ်သက်တာ စီးကရက်ဝယ်ယူခွင့် ပိတ်ပင်မည့် ဥပဒေအတည်ပြုပြဌာန်း

လန်ဒန် ဧပြီ ၂၂

ဗြိတိန်ပါလီမန်၏ လွှတ်တော်နှစ်ရပ်လုံးက အသက် ၁၇ နှစ်နှင့် အောက်အရွယ် ကလေးငယ်များ တစ်သက်တာလုံး စီးကရက်ဝယ်ယူခွင့် ပိတ်ပင်တားမြစ်မည့် ဥပဒေကြမ်းကို အတည်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါ ဆေးရွက်ကြီးနှင့် ဗိတ်ဆိုင်ရာ ဥပဒေကြမ်းသည် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နောက်ပိုင်း မွေးဖွားသူများ (လက်ရှိ အသက် ၁၇ နှစ်အရွယ်များ) အား ဆေးလိပ်သောက်သုံးခြင်းမှ တားဆီးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယခုလုပ်ဆောင်ချက်သည် နိုင်ငံ၏ကျန်းမာရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်းနှင့် တစ်သက်တာလုံး စွဲလမ်းမှုနှင့် ဘေးအန္တရာယ်များမှ ကာကွယ်ပေးထားသည့် ပထမဆုံး ဆေးလိပ်ငွေ့ကင်းစင်သော မျိုးဆက်ကို ဖြစ်ပေါ်လာစေမည်ဟု ကျန်းမာရေးဝန်ကြီး ဝက်စ်စထရိတင်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**



## တောင်ကိုရီးယားနိုင်ငံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အညွှန်းကိန်း သုံးနှစ်ကျော်ကာလအတွင်း အမြင့်ဆုံးနှုန်းဖြင့် မြင့်တက်လာ

ဆိုးလ် ဧပြီ ၂၂

တောင်ကိုရီးယားနိုင်ငံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အညွှန်းကိန်းသည် အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာမှုနှင့်အတူ မတ်လက သုံးနှစ်ကျော်ကာလအတွင်း အမြင့်ဆုံးနှုန်းဖြင့် မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယား ဗဟိုဘဏ်၏ ထုတ်လုပ်မှုကုန်ကျစရိတ်အညွှန်းကိန်းသည် ဖေဖော်ဝါရီလတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးနောက် မတ်လတွင် ယခင်နှစ်အလားတူကာလထက် ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ယင်းသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း အမြန်ဆုံးနှုန်းဖြင့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လအလိုက် နှိုင်းယှဉ်ချက်အရ ကျောက်မီးသွေးနှင့် ရေနံထွက်ပစ္စည်းဈေးနှုန်းများ ၃၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ခြင်းကြောင့် အဆိုပါအညွှန်းကိန်းသည် ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ဗီယက်နမ် ပင်းဖတ်စ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းစု လာမည့်နှစ်တွင် အရှုံးအမြတ် ကာမိမည်ဖြစ်သည်ဟု ဆို

ဟနွိုင်း ဧပြီ ၂၂

ဗီယက်နမ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သည့် ဗင်းဖတ်စ်သည် လာမည့်နှစ်တွင် အရှုံးအမြတ်ကာမိမည်ဖြစ်သည်ဟု ၎င်း၏ မိခင်ကုမ္ပဏီဖြစ်သော ဗင်းကုမ္ပဏီအုပ်စု ဥက္ကဋ္ဌက ဧပြီ ၂၂ ရက်တွင် ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းကုမ္ပဏီအုပ်စု၏ စာရွက်စာတမ်း အချက်အလက်များအရ ဗင်းဖတ်စ်သည် ယခုနှစ်အတွင်း လျှပ်စစ်ကားအစီးရေ သုံးသိန်း တင်ပို့ရောင်းချရန် မျှော်မှန်းထားပြီး ယင်းပမာဏ၏ သုံးပုံနှစ်ပုံမှာ ပြည်တွင်းဈေးကွက်အတွက်ဖြစ်သည်ဟု ဆိုသည်။

ဥက္ကဋ္ဌ ဖမ်ညတ်ဗျောင်းက ရှယ်ယာရှင်များအစည်းအဝေးတွင် ပြောကြားရာ၌ ဗင်းဖတ်စ်အနေဖြင့် စက်သုံးဆီသုံး အင်ဂျင်ပါဝါကားများ ပြန်လည်ထုတ်လုပ်တော့မည် မဟုတ်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။ **Mon**



STOP AIDS

## ဉာဏ်ရည်တုနည်းပညာနှင့် ဆက်စပ်သည့် ဝယ်လိုအားများကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု ခုနစ်လဆက်တိုက် မြင့်တက်လာခဲ့

တိုကျို ဧပြီ ၂၂

ဂျပန်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ဉာဏ်ရည်တုနည်းပညာနှင့် ဆက်စပ်သည့် ဝယ်လိုအားများကြောင့် ခုနစ်လဆက်တိုက် မြင့်တက်လာခဲ့ပြီး အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေး အနှောင့်အယှက်များ၏ သက်ရောက်မှုကို လက်ရှိတွင် လျော့ပါးစေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယေဘုယျအားဖြင့် ကုန်သွယ်မှုကဏ္ဍကို ဉာဏ်ရည်တုအတွက် ဒေတာစင်တာများမှ လိုအပ်ချက်များက ဆက်လက်တွန်းအားပေးနေခြင်းဖြစ်သည်ဟု ဒိုက်ဝသုတေသနဌာနမှ စီးပွားရေးပညာရှင် ကိုကီအာကီမိုတိုက ပြောကြားသည်။

ရှေ့လာမည့်အနာဂတ်တွင်လည်း ဉာဏ်ရည်တုနှင့် ဆက်စပ်သည့် ဝယ်လိုအားမှာ ဆက်လက်ခိုင်မာနေဖွယ်ရှိသော်လည်း အရှေ့အလယ်ပိုင်း အခြေအနေ၏ သက်ရောက်မှုအချို့ ရှိလာနိုင်သောကြောင့် လက်ရှိတွင် စီးပွားရေးအလားအလာမှာ အတက်၊အကျမရှိဘဲ ပုံမှန်အတိုင်းသာ ရှိနေနိုင်မည်ဟု ၎င်းက ဆိုသည်။

မတ်လအတွင်း စုစုပေါင်းပို့ကုန်တန်ဖိုးမှာ ယခင်နှစ် အလားတူကာလထက် ၁၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ယင်းမှာ ဈေးကွက်က ခန့်မှန်းထားသည့် ၁၁ ရာခိုင်နှုန်းထက် ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**






## 2026 Catalonia Open Solgirones တင်းနစ်ပြိုင်ပွဲ ဧပြီ ၂၇ ရက်တွင် စတင်မည်

**မက်ဒရစ် ဧပြီ ၂၂**

စပိန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Catalonia Open Solgirones တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၂၇ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Catalonia Open Solgirones တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Catalonia Open Solgirones တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Catalonia Open Solgirones တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဟန်ဂေရီတင်းနစ်မယ် Dalma Galfi ဖြစ်သည်။

(အပေါ်ယာပုံ)

(NGB)





## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုဗင်ထရီအသင်း ဆွတ်ခူး

**လန်ဒန် ဧပြီ ၂၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုင်ဗင်ထရီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ကိုဗင်ထရီအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် (၄၄)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၉မှတ်ဖြင့် အဆင့် (၂)နေရာမှ မီဝေါလ်အသင်းကို ၁၀ မှတ်အထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ကိုဗင်ထရီအသင်း၏ ထုတ်ပြန်ချက်တွင် "၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန် ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ) (NGB)

## လက်စတာစီးတီးအသင်း အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရ

**လန်ဒန် ဧပြီ ၂၂**

လက်စတာစီးတီးအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲမှ League One ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီ ဖြစ်သည်။

အင်္ဂလိပ်ချန်ပီယံရှစ် ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လက်စတာစီးတီးအသင်းသည် ဟားလ်စီးတီးအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားပြီးနောက် တန်းဆင်းခဲ့ရခြင်း ဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ် ချန်ပီယံရှစ်ပွဲစဉ် (၄၄)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၂ မှတ်ဖြင့် အဆင့် (၂၃)နေရာတွင် ရပ်တည်ပြီး အဆင့် (၂၁)နေရာမှ ဘလက်ဘန်းအသင်းနှင့် ခုနစ်မှတ်အထိ ကွာဟခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် တန်းဆင်းခဲ့ရခြင်း ဖြစ်သည်။

(အောက်ပုံ)

(NGB)



## နည်းပြ ရိုဆီနီယာအား နည်းပြရာထူးမှ ချဲလ်ဆီးအသင်းထုတ်ပယ်



**လန်ဒန် ဧပြီ ၂၂**

ချဲလ်ဆီးအသင်းအသင်းသည် အသင်းနည်းပြ ရိုဆီနီယာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ် နောက်ဆုံး ငါးပွဲထိ ရှုံးနိမ့်ခဲ့မှုကြောင့် နည်းပြ ရိုဆီနီယာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရိုဆီနီယာသည် ချဲလ်ဆီးအသင်းအား ၂၀၂၆ခုနှစ် ဇန်နဝါရီ ၈ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃ပွဲတွင်၊ ၁၁ပွဲနိုင်၊ ၂ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ရိုဆီနီယာအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေ ခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## အန်ဒိုလီဖီးအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် ဧပြီ ၂၂**

လီဗာပူးအသင်းသည် ဆန်းဒါးလန်းအသင်း ကွင်းလယ်ကစားသမား အန်ဒိုလီဖီးကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဆန်းဒါးလန်းအသင်းကလည်း အန်ဒိုလီဖီးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဆန်းဒါးလန်းအသင်းထံမှ အန်ဒိုလီဖီးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ဝဲပုံ) (NGB)



## အဲလက်စ်အီဝိုဘီ ပေါင်ခြံဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၂၂**

ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား အဲလက်စ်အီဝိုဘီသည် ပေါင်ခြံဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဖူလ်ဟမ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား အဲလက်စ်အီဝိုဘီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဖူလ်ဟမ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဲလက်စ်အီဝိုဘီသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားကာ ၁၉ ဂိုးအထိ သွင်းယူထားသည်။

(အပေါ်ပုံ) (NGB)



## ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အင်တာမီလန်အသင်း တက်ရောက်

**မီလန် ဧပြီ ၂၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အင်တာမီလန်အသင်း တက်ရောက်နိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကိုမိုအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းနည်းပြ ချီဗူးက "၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းသားတွေရဲ့ ခြေစွမ်းကိုလည်း အားရကျေနပ်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံး ယှဉ်ပြိုင်ကစားပြီး ချန်ပီယံဆုကို ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် အလာဗက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* နောက်ခံကစားသမား ကိုနာတေးသည် လီဗာပူးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ (NGB)

### ဂျာမန်ပိုကယ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၂၄-၄-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | စတုဂတ် - ဖရိုင်းဘတ်<br>(ဘွန်ဒက်လီဂါ-၄) (ဘွန်ဒက်လီဂါ-၇) | စတုဂတ် ၁-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၃-၁ စတုဂတ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၉)လီဗန်တေး - ဆီဗီလာ(၁၆)<br>(D,D,W,L,W) (D,L,L,L,W) | လီဗန်တေး ၂-၃ ဆီဗီလာ<br>ဆီဗီလာ ၅-၃ လီဗန်တေး |
| ၂၄-၄-၂၀၂၆<br>နံနက် ၀၀:၃၀ နာရီ | (၁၅)ဗယ်လက်ကာနို - အက်စ်ပန်ညို(၁၂)<br>(L,W,W,L,L) (D,L,L,D,L) | ဗယ်လက်ကာနို ၀-၄ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၂-၁ ဗယ်လက်ကာနို |
| ၂၄-၄-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၂၀)အိုဗီဒို - ဗီလာရီးရဲလ်(၃)<br>(D,W,L,W,W) (W,D,W,L,W) | ____ |

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**စစ်ကိုင်း ဧပြီ ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ ဧပြီ ၂၁ ရက် နံနက် ၈ နာရီမှ ၁၀နာရီအထိ စစ်ကိုင်း-မန္တလေး လမ်း၊ စစ်ကိုင်းမြို့အဝင် ကျော်ထက်မီးပွိုင့်တွင် ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ၊ အိုးဝေများအား လမ်းညာဘက်ကပ်မောင်းရန်၊မီးအချက်ပြများ တိကျစွာ လိုက်နာရန်၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်ဦးထုပ်အား မေးသိုင်းကြိုးသေချာစွာ တပ်ဆင်၍ ဆောင်းရန်၊ ယာဉ်မောင်းစဉ် ဖုန်းအသုံးမပြုရန်နှင့် ခါးပတ်ပတ်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေး ပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဦးဆောင်၍ စစ်ကိုင်းမြို့ မြို့မမီးပွိုင့်တွင် မတ်လဆန်းကလည်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေး ဆိုင်ကယ်စီးနင်းပြည်သူများအား ဆိုင်ကယ်စီးဦးထုပ် ၁၀၀၀ အခမဲ့ ဖြန့်ဝေပြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးCampaign ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)



# အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်

**ဟိုပုံး ဧပြီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် ကွန်ပျူတာနည်းပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁)ကို ဧပြီ ၂၁ ရက် မွန်းလွဲ ၁နာရီခွဲက ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဟိုပုံးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန် အိုင်စီတီနည်းပညာများဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ခေတ်မီနည်းပညာရပ်များကို အသုံးချပြီး မိမိတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ ကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်ချက်များဖြင့် ကွန်ပျူတာသင်တန်းလှစ်ပေးခြင်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် ကွန်ပျူတာအခြေခံစနစ်များ၊ စာစီစာရိုက်နည်းပညာများ၊ Internet နှင့် E-mail အသုံးပြုနည်းများစသည့် ဘာသာရပ်များကို စာတွေ့၊လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးအား တာဝန်ရှိသူများက ရက်သတ္တလေးပတ်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

# ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ ဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၈ ဒသမ ဝ၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲ ဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီ စားတော်ပဲစိုက်ခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲသီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ရိတ်သိမ်းခြွေလှေ့ရာမှာလည်း အထွက်နှုန်းတွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျ ရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ ရိတ်သိမ်းခြွေလှေ့ နည်းစနစ်များကိုလည်း ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ စားတော်ပဲသီးနှံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး၊ မြေဩဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲတတ်စေရေး၊ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် စားတော်ပဲသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံစိုက်ပျိုးရာ၌ အချို့တောင်သူများက စားတော်ပဲကို သီးသန့် စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေရရှိရေးအတွက် အခြားသီးနှံများနှင့် ရောနှော၍ သီးထပ်သီးညှပ် စိုက်ပျိုးကြကြောင်းလည်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

# မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး ဧပြီ ၂၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေးခဲ့သည်။

အဆိုပါစာအုပ်၊စာစောင်များ ငှားရမ်းပေးရာတွင် ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်တွင် သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လှယ်လဲပေးသွားမည်ဖြစ်ကာ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ပြန်/ဆက်)

*-*-*-*-*



# ဆိုင်ကယ်ဈေးကွက်ထဲ၌ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့ရှိ ဆိုင်ကယ်ဈေးကွက်အတွင်း တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များကို ဝယ်ယူလိုသူများပြားလာပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

လက်ရှိဈေးကွက်တွင် Luo-jia၊ Kenbo၊ Anbo၊ New Zhineng၊ Wave၊ Alpha၊ Kamax စသည့် အမှတ်တံဆိပ်အမျိုးမျိုးဖြင့် တင်သွင်းလာသော ဆိုင်ကယ်များမှာ ဝယ်လိုအားမြင့်မားနေပြီး ဈေးကွက်အတွင်း လူကြိုက်များနေကြောင်း ဆိုင်ကယ်ရောင်းဝယ်ရေး လုပ်ငန်းရှင်များက ပြောသည်။

"တရုတ်ဆိုင်ကယ်တွေက အလွန်ရောင်းရတယ်။ ဈေးကလည်း နှစ်ရက်၊ သုံးရက်အတွင်း တစ်သိန်း၊ နှစ်သိန်းလောက် တဖြည်းဖြည်း တက်နေတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဈေးနှုန်းအနေဖြင့်လည်း ယခင်က မတ်လမတိုင်မီကာလတွင် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၂၅ သိန်း ဝန်းကျင်သာရှိခဲ့သော်လည်း လက်ရှိတွင် ငွေကျပ်သိန်း ၄၀ ကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

ထိုသို့ ဈေးနှုန်းနှင့် ဝယ်လိုအား မြင့်တက်လာခြင်းသည် မတ်လ ဒုတိယပတ်ခန့်မှ စတင်ကာ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း Demand နှင့် Supply မညီမျှသည့် အခြေအနေများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဆိုင်ကယ်ရောင်းဝယ်ရေး လုပ်ငန်းရှင်များအဆိုအရ လက်ရှိအခြေအနေတွင် ဝယ်လိုအား ဆက်လက် မြင့်မားနေသဖြင့် ဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်သည့် အလားအလာရှိနေကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# ပြည်တွင်းထုတ် ဒီဇယ်ဆီများကို အထူးသက်သာသော ဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဖြန့်ဖြူးရောင်းချပေး



**ကျောက်ပန်းတောင်း မေ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ် ဒီဇယ်ဆီများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ၊ မေ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများကို လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုအဖွဲ့မှ ဦးဆောင်၍ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးစိုက်တောင်သူများအတွက် မြေယာပြုပြင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်စေရန် ပြည်တွင်းထုတ် ဒီဇယ်ဆီများကို တစ်ဂါလန်လျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကိုင်းကျေးရွာအုပ်စုမှ တောင်သူ ၂၃ ဦး၊ မကျီးတိုင်းကျေးရွာအုပ်စုမှ တောင်သူ ၂၀ဦးနှင့် ဈေးကုန်းကျေးရွာအုပ်စုမှ တောင်သူ ၂၅၈ ဦး၊စုစုပေါင်း တောင်သူ ၃၁၁ ဦးတို့၏ စိုက်ဧက ၅၇၅ ဧကအတွက် စက်သုံးဆီဂါလန် ၅၇၅ ဂါလန်ကို ၎င်းတို့၏ လုပ်ငန်းခွင်အရောက် လက်ငင်း ငွေချေစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့သည်။

အဆိုပါစက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချရာသို့ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးနောင်ထွန်းနီ၊ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကျော်နှင့် မြို့နယ်တာဝန်ရှိသူများ၊နွေစပါး စိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၆)



# ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**လားရှိုး မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်ရုံးမှ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်ရည်ရွယ်၍ ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ဖြန့်ဝေခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)နှင့် လားရှိုးခရိုင်ရုံးမှ ဝန်ထမ်းများက ငလျင်ဖြစ်ပွားစေတတ်သည့် အကြောင်းအရင်းများ၊ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ငလျင်လှုပ်နေစဉ်တွင် လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ရှားသင့်သည့်အချက်များ၊ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်နှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်နေစဉ် အဆောက်အအုံအတွင်းရှိပါက လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊ အဆောက်အအုံအပြင်တွင်ရှိပါက လိုက်နာဆောင်ရွက်ရန် နည်းလမ်းများနှင့် ငလျင်ပမာဏ ရစ်ချ်တာစကေးအလိုက် သက်ရောက်မှုရှိနိုင်ခြေများ စသည့် အကြောင်းအရာများ ပါဝင်သည့် ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများ လက်ဝယ်သို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လှမော်(ပြန်/ဆက်)

*-*-*-*-*

# မိုးရာသီမတိုင်မီ စိုက်ပျိုးရေးလုပ်ငန်းများတွင် မှိုရောဂါကာကွယ်ရန် ထရိုင်ကိုဒါးမားအသုံးပြုရန်လိုအပ်

**မန္တလေး မေ ၂၂**

မိုးရာသီ နီးလာချိန်တွင် စိုက်ပျိုးတောင်သူများအနေဖြင့် မိမိတို့၏ စိုက်ခင်းများ၌ ဖြစ်ပေါ်လာနိုင်သည့် မြေဆောင်မှိုရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် ထရိုင်ကိုဒါးမား(Trichoderma) အသုံးပြုရန် လိုအပ်ကြောင်း စိုက်ပျိုးရေးသက်ဆိုင်ရာ ကျွမ်းကျင်သူများက အကြံပြုထားသည်။

ထရိုင်ကိုဒါးမားမှိုသည် အပင်၏ အမြစ်မျက်နှာပြင်တွင် မြန်ဆန်စွာ ကြီးထွားပွားများနိုင်ပြီး ရောဂါဖြစ်စေသော မှိုများ၏ ပွားများမှုကို ဟန့်တားပေးနိုင်သည့် သဘာဝဇီဝထိန်းချုပ်ပစ္စည်း တစ်မျိုးဖြစ်သည်။ ထို့အပြင် အခြားသက်ရှိများနှင့် အာဟာရနှင့် နေရာအတွက် ယှဉ်ပြိုင်ရယူခြင်းကြောင့် ရောဂါဖြစ်စေသော သက်ရှိများ၏ ဖွံ့ဖြိုးမှုကို လျော့နည်းစေနိုင်သည်။

ထို့ပြင် ထရိုင်ကိုဒါးမားသည် ဇီဝဖြစ်စဉ်များနှင့် အင်ဇိုင်းများ ထုတ်လုပ်နိုင်ပြီး ရောဂါဖြစ်စေသော သက်ရှိများ၏ ဆဲလ်နံရံဖွဲ့စည်းမှုကို အနှောင့်အယှက်ပေးနိုင်သည့်အပြင် အပင်၏ ခုခံကာကွယ်မှုစနစ်ကိုလည်း အားဖြည့်ပေးနိုင်ကြောင်း သိရသည်။

ထရိုင်ကိုဒါးမားအသုံးပြုခြင်းကြောင့် အပင်၏ အမြစ်ဖွဲ့စည်းမှု ပိုမိုကောင်းမွန်လာပြီး ရေနှင့် အာဟာရစုပ်ယူနိုင်မှု တိုးတက်စေကာ သီးနှံများကို ညီညာသန်မာစေပြီး အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်လာစေနိုင်သည်ဟုလည်း ဖော်ပြထားသည်။

ထို့အပြင် မြေဆောင်မှိုရောဂါများဖြစ်သည့် Sclerotium, Pythium, Rhizoctonia, Fusarium နှင့် Phytophthora စသည့် ပိုးမွှားကြောင့် ဖြစ်ပေါ်လာသည့် ပင်ညှိုး၊မြစ်ပုပ်နှင့် ရွက်ခြောက်ရောဂါများကိုလည်း ထရိုင်ကိုဒါးမားမှ ကာကွယ်နှိမ်နင်းနိုင်သည်။




ထရိုင်ကိုဒါးမား ထုတ်ကုန်များကို မြို့နယ်အသီးသီးရှိ စိုက်ပျိုးရေးဆေးဆိုင်များ၌ ၂၀၀ ဂရမ်နှင့် ၃၀၀ ဂရမ် အထုပ်များဖြင့် ရောင်းချလျက်ရှိပြီး စိုက်ပျိုးတောင်သူများအနေဖြင့် လိုအပ်ပါက ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ရ)

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ ကျန်းမာရေးအသိပညာ ဗဟုသုတရရှိစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်တတ်စေရန် ရည်ရွယ်၍ မေ ၂၁ ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနတွင် အပူဒဏ်အန္တရာယကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန်အတွက် ပူပြင်းခြောက်သွေ့သော ရာသီတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားစေနိုင်သော ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးထုတ်ပြန်ထားသော လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ အပူဒဏ်ရောဂါလက္ခဏာခံစားရပါက အရေးပေါ်ကုသနိုင်သော ရှေးဦးသူနာပြုစုနည်းများအကြောင်းကို အများပြည်သူ သိရှိစေရန် အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

*-*-*-*-*

# နံ့ရံကပ်စာစောင်ပြပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး မေ ၂၂**

မဟာအောင်မြေမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ နံ့ရံကပ်စာစောင်ပြပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို မေ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

မဟာအောင်မြေမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျောင်းသား၊ကျောင်းသူများ အားလပ်ရက်များတွင် ဗဟုသုတရရှိစေရန် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်လူရွယ်ကျောင်းသား၊ကျောင်းသူများကို နွေရာသီအားလပ်ရက်များတွင် ကျောင်းစာအပြင် အခြားဗဟုသုတများရရှိစေရန်၊ ကိုယ်စွမ်းဉာဏ်စွမ်းများ တိုးတက်လာစေရန်၊ စာပေမှာ မွေ့လျော်ပြီး အမှား၊အမှန်ဝေဖန်နိုင်စေရန်၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အများကျိုးသယ်ပိုးထမ်းဆောင်စေလိုသောစိတ်များ မွေးမြူတတ်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။



မဟာအောင်မြေမြို့နယ်၌ နွေရာသီအားလပ်ရက်များတွင် ကျောင်းသား၊ကျောင်းသူလေးများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နံ့ရံကပ်စာစောင်များ ပြသခဲ့ပြီး ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပန်းချီပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လစဉ်ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ အသိပညာပေးဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) အောင်ဇော်မင်း

# နေ့စဉ်စာဖတ်ကြပါ

**'စာပေမြင့်မှ လူမျိုးတင့်မည်'**ဆိုသော စကားသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံး စာဖတ်ရှိန်မြင့်တင်ရေးအတွက် တိုက်တွန်းထားသော ဆောင်ပုဒ်ဖြစ်သည်။ **'စာအုပ်စာပေ လူ့မိတ်ဆွေ'**၊ **'အလိမ္မာ စာမှာရှိ'**၊ **ပညာရွှေအိုး လူမခိုး'**၊ **'အလှအတွက် မှန်ကြည့်သလို ဘဝအတွက် စာဖတ်ပါ'**ဆိုသော ဆောင်ပုဒ်များသည် မျိုးဆက်သစ်လူငယ်တစ်ဦး၏ ဘဝတိုးတက်အောင်မြင်ရေးတွင် မရှိမဖြစ်အရေးပါလှသော ဗဟုသုတ၊ အသိပညာနှင့် အတွေးအခေါ်တို့ကို စာအုပ်၊ စာပေများမှသာ တူးဆွရှာဖွေကြည့်နိုင်သည်။ သို့သော် မျက်မှောက်ခေတ်တွင်မူ လူကြီး၊ လူလတ်၊ လူငယ်အားလုံးသည် စာဖတ်နှုန်းတဖြည်းဖြည်းကျဆင်းလျက်ရှိပါသည်။

ဆိုရလျှင် 'စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူသည် ရပ်နေသည့် လူနှင့်တူကြောင်းနှင့် စာတတ်ပြီး စာလည်းဖတ်သည့် သူသည် လမ်းလျှောက်နေသည့် လူနှင့်တူကြောင်းဆိုသော စကားသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် စာကောင်းပေမွန်များ ဖတ်ရှုသွားရန်လိုအပ်ကြောင်းကို တိုက်တွန်းထားခြင်းပင် ဖြစ်သည်။ ဤနေရာတွင် စာကြည့်တိုက်များသည် တစ်နိုင်ငံလုံး လွှမ်းခြုံစာဖတ်နိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် ညစဉ်အိပ်ရာမဝင်မီ ကုန်ဆုံးသွားသော တစ်နေ့တာအချိန်တွင် မည်သည့်ဗဟုသုတများကို လေ့လာဖတ်ရှုခဲ့သလဲဟု ပြန်လည်စဉ်းစားသုံးသပ်သင့်သည်။ စာမဖတ်ရသေးဘူးဆိုလျှင် ဆယ့်ငါးမိနစ်ခန့် ဖတ်ရှုလေ့လာပြီးမှသာ အိပ်စက်အနားယူသင့်သည်။ ထို့ကြောင့် စာအုပ်ကောင်းများကို လက်တစ်ကမ်းအလို အိပ်ရာဘေးနှင့် ဧည့်ခန်းတို့တွင် အရန်သင့်ထားရှိသင့်သည်။

စင်စစ်အားဖြင့် စာအုပ်၊ စာပေများသည် လူသားတို့၏ မိတ်ဆွေများဖြစ်ကြသည်။ မျိုးဆက်သစ်လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာခြင်းအားဖြင့် ဗဟုသုတများ ကြွယ်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများသည် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်အထိ တိုးတက်လာမည် ဖြစ်သည်။ စာဖတ်အားများသော လူငယ်များ ပေါ်များသည့် နိုင်ငံသည် တိုးတက်ရန် အခွင့်အလမ်းကောင်းများ ရှိနေမည်မှာ ဧကန်မုချပင် ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များ နေ့စဉ်မပြတ်ဖတ်ရှုနေရန် လိုအပ်သည်။

ဆိုရလျှင် စာဖတ်သူသည် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားဆန်းစစ် ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သော သူများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိကြသည်။ အတွေးနည်းပါးကြသည်။ အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ အထူးသဖြင့် စာဖတ်သောသူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက စာကောင်းပေမွန်များနှင့် ရင်းနှီးကျွမ်းဝင်နေမည်ဆိုလျှင် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိပြီး တိုးတက်မှုကို ရှာဖွေနိုင်ကြမည်ဖြစ်သည်။ ဘဝခရီးလမ်းတွင် ကြုံတွေ့ရနိုင်သည့် ကျရှုံးမှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်သည့် နည်းလမ်းများကို စာအုပ်၊ စာပေများမှ တူးဆွရှာဖွေနိုင်သည်။ ထို့အပြင် အရေးကြီးသော ဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။

### ပညာဘဏ်တိုက်၊ စာကြည့်တိုက်များ

**'စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံ'**ဟု မြန်မာအဘိဓာန်၌ ဖော်ပြထားသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အသိပညာဗဟုသုတမြှင့်တင်ပေးနိုင်ရန် နိုင်ငံတစ်ဝန်း၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားသည်။ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်နှင့်မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်ကို ဖွင့်လှစ်ပေးထားသည်။

ထို့အပြင် 'ပညာဘဏ်တိုက် စာကြည့်တိုက်'ဟူ၍ အဆိုရှိသည်။ စာကြည့်တိုက်များကို အသိပညာ၊ အတတ်ပညာဟူသော အဖိုးထိုက်၊ အဖိုးတန်ဘဏ္ဍာများ သိုလှောင်သိမ်းဆည်းရာ ဘဏ်တိုက်များအဖြစ် တင်စားထားခြင်းဖြစ်သည်။ မျိုးဆက်သစ်များသည် ဉာဏ်ပညာဗဟုသုတတို့နှင့် ပြည့်စုံနိုင်ရန်အတွက် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသပေးမည့် စာကောင်းပေမွန်များကိုလည်း စဉ်ဆက်မပြတ်ဖတ်ရှုနေရန် လိုအပ်သည်။ လူတစ်ဦးသည် စာများကို ဖတ်ရှုမှတ်သားလေ့လာမိသည့်အခါ အသိပညာသုတများစွာတို့ စုဆောင်းမိလာသည်။ ထိုအခြေအနေတွင် စာဖတ်သူများသည် စာမဖတ်သူထက် လောကကို ပို၍ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်နိုင်သူ၊ အမှား၊ အမှန်၊ အကျိုး၊ အပြစ်တို့ကို ဆင်ခြင်ဉာဏ်ဖြင့် ခွဲခြားသိမြင်နိုင်သူတို့ ဖြစ်လာသည်။

ထို့ကြောင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့မှုနှင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်းများစွာရှိသည်။ စာကြည့်တိုက်များသည် ပြည်သူများ အသိပညာမြင့်မားရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးအတွက် မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ စာကြည့်တိုက်များသည် မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ပြည့်စုံရေးတွင် များစွာအရေးပါလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များသည် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင် ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ပြည့်စုံပြီး လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်း၊ သမီးမွန်ဖြစ်လာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ပြည့်စုံနိုင်ရန် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုသွားရန် လိုအပ်ပေသည်။

> လူတစ်ဦးချင်းစီ၏ စာဖတ်နှုန်း
> တိုးတက်လာမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း
> ဒုစရိုက်လုပ်ငန်းများ လျော့ကျလာနိုင်သည့်အပြင်
> တိုင်းပြည်တိုးတက်ရေးအတွက်လည်း
> များစွာအထောက်အကူပြုစေသည်။
> စာကောင်းပေမွန်များ ဖတ်ရှုမှတ်သားလေ့လာမှု
> အားကောင်းသူများဖြင့်သာ
> စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည်
> တစ်နေ့တခြားတိုးတက်မှုရှိနေမည် ဖြစ်သည်။
> အထူးသဖြင့် စာပေဝါသနာထုံသော
> လူငယ်များသည် ဘဝပန်းတိုင်အတွက်
> အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာ
> ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။
> စာကောင်းပေမွန်များသည်
> မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝပြောင်းလဲ
> တိုးတက်မှုကို ဖော်ဆောင်ရာ၌ များစွာ
> အရေးပါလျက်ရှိပါသည်။

### ကျောင်းစာကြည့်တိုက်များ

စာဖတ်ခြင်းသည် အသက်အရွယ်ပေါင်းစုံကို အရည်အသွေးတိုးတက်စေခြင်း၊ သတင်းအချက်အလက်များ သိရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာတွေးခေါ်နိုင်သည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း အာရုံစူးစိုက်နိုင်သည်။ စာဖတ်ခြင်းသည် လူတစ်ဦးကို မတူညီသော ရှုထောင့်ပေါင်းစုံမှ တွေးခေါ်မြော်မြင်နိုင်စေသည်။ ထို့ကြောင့် စာဖတ်သူတစ်ဦးသည် အကန့်အသတ်မရှိ လေ့လာနိုင်သဖြင့် အသိပညာဗဟုသုတ ပိုမိုကြွယ်ဝလာကာ တိုးတက်မှုများ ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်သည်။

ထို့အပြင် ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်လှစ်ထားပေးသင့်သည်။ ကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များကို ဗဟုသုတဖြစ်ဖွယ် စာအုပ်များ ငှားရမ်းပေးသင့်သည်။ လစဉ်စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ကာတွန်းပြိုင်ပွဲ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် မျိုးဆက်သစ်လူငယ်များ၏ စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ လူငယ်များ ဗလငါးတန်ပြည့်စုံဖို့ စာကြည့်တိုက်ကို သွားကြစေလိုသည်။

ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အရွယ်၊ အတန်းတို့နှင့် ကိုက်ညီသည့် စာကောင်းပေမွန်များ ပြည့်စုံစွာ ထားရှိပေးရန်နှင့် ကလေးများ၏ စိတ်ဝင်စားမှုရရှိစေရန်အတွက်လည်း ပုံမှန်စာကြည့်တိုက်၏ လှုပ်ရှားမှုများ ပြုလုပ်ပေးရန် လိုပါသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာအပြင် ပြင်ပဗဟုသုတများ ဖြန့်ဝေပေးရာ ပင်မနေရာများ ဖြစ်သင့်သည်။

မျိုးဆက်သစ်လူငယ်များသည် ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းများ၊ အုပ်ထိန်းသူမိဘများနှင့်အတူ စာကြည့်တိုက်ကို သွား၍ စာအုပ်ရှာ၊ စာအုပ်ငှား၊ စာဖတ်သည့် အလေ့အထကို မွေးမြူထားသင့်သည်။ စာကြည့်တိုက်များတွင် လူကြီး၊ လူလတ်၊ လူငယ်၊ ကလေးအသက်အရွယ်ပေါင်းစုံတို့အတွက် စာအုပ်မျိုးစုံရှိပါသည်။ အမှန်တော့ ကျောင်းစာကြည့်တိုက်တွင် ကျောင်းနေအရွယ် ကလေးငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိပါသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် မျိုးဆက်သစ်လူငယ်များ ကြိုက်နှစ်သက်သည့် ရွှေသွေး၊ တေဇ၊ ရုပ်ပြစာအုပ်များ၊ စာစောင်များ၊ ဗုဒ္ဓဝင်နှင့် ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့် ကဏ္ဍစုံစွာ တင်ထားသင့်ပေသည်။

လူတစ်ဦးချင်းစီ၏ စာဖတ်နှုန်းတိုးတက်လာမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒုစရိုက်လုပ်ငန်းများ လျော့ကျလာနိုင်သည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေသည်။ စာကောင်းပေမွန်များ ဖတ်ရှုမှတ်သားလေ့လာမှုအားကောင်းသူများဖြင့်သာ စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် တစ်နေ့တခြားတိုးတက်မှုရှိနေမည် ဖြစ်သည်။ အထူးသဖြင့် စာပေဝါသနာထုံသော လူငယ်များသည် ဘဝပန်းတိုင်အတွက် အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာကောင်းပေမွန်များသည် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝပြောင်းလဲတိုးတက်မှုကို ဖော်ဆောင်ရာ၌ များစွာအရေးပါလျက်ရှိပါသည်။

ခေတ်မီတိုးတက်သော အနာဂတ်အမိမြန်မာနိုင်ငံတော်ကြီးကို စာဖတ်များသော မျိုးဆက်သစ်လူငယ်များ စုပေါင်း၍ စုစည်းတည်ဆောက်သွားမည်ဆိုလျှင် တိုးတက်မှုရှိနေမှာ အမှန်ပင် ဖြစ်သည်။ အနာဂတ်တွင် သုတ၊ ရသစာပေမျိုးစုံကို ဖတ်ရှုထားသော လူငယ်များသာလျှင် ဦးဆောင်မှုနေရာကို ရပ်တည်နိုင်မည် ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ပင် ဖြစ်သည်။ ဗလငါးတန်ပြည့်စုံနိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်အားလုံး စာကြည့်တိုက်များသို့ သွားရောက်၍ တန်ဖိုးရှိသော စာကောင်းပေမွန်များကို အကျိုးရှိစွာ ဖတ်မှတ်သွားနိုင်ရန် အကြံပြုရေးသားတိုက်တွန်းလိုက်ရပါသည်ခင်ဗျား။

ကိုးကား-နိုင်ငံပိုင်သတင်းစာများ

**မောင်မောင်လင်းထွန်း(နန်းတော်ရှေ့)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

**မိုင်းဆတ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများကို အ·ထ·က (မိုင်းဆတ်)တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ်၊ မေ ၅ ရက် နံနက် ၁၀ နာရီတွင် အ·ထ·က(မိုင်းဆတ်)၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူး စိုးသူရ(မူးယစ်တပ်ဖွဲ့ စု-၂၉)တို့က ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲစည်းကမ်းချက်များနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပေးကြောင်း သိရသည်။



(အပေါ်ပုံ)

**ဒေါ်ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၂**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ ငယ်ရွယ်စဉ် ကလေးဘဝမှစ၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာ ဖတ်ရှုမှတ်သားသည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် ဗလငါးတန်နှင့် ပြည်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၁ ရက်



နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(သပြေပင်)သို့ သွားရောက်၍ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထား ကြိုးစားရန်၊ ကျောင်း သင်ခန်းစာများကို အထောက် အကူဖြစ်စေမည့် စာအုပ်၊ စာပေ များကိုလည်း လေ့လာဖတ်ရှု မှတ်သားရန်နှင့် စာပေလေ့လာ ဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ ကို အသိပညာပေးဟောပြော ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ခင်းကျင်းပြသထားသည့် စာ ဖတ်ရှိန်မြှင့်တင်ရေး အသိပညာ ပေး နံရံကပ်စာစောင်များ၊ မြို့နယ် ပြည်သူ့စာကြည့်တိုက် အသိပညာ ပေးလုပ်ငန်း ဆောင်ရွက်မှု မှတ် တမ်းများ၊ စာရေးဆရာကြီးများ ၏ စာပေအဆိုအမိန့်များ စသည့် နံရံကပ်စာစောင်များကို စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြ ပြီး တိုင်းရင်းသားရိုးရာ ကလေး စာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရ သည်။

(ဝဲပုံ)

**နောင်နောင်(မိသနီးမြေ)**

## စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ရှေးဦးပြုစုနည်းသင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကြက်ခြေနီအသင်းအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်း သူများ နွေရာသီကျောင်းပိတ်ရက် ရှည်အတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ဗလငါးတန် ဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ရည်ရွယ် ၍ ရှေးဦးပြုစုနည်းသင်တန်းကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်း ဝင်းသန်းက သင်တန်းဖွင့်လှစ်ရ ခြင်း ရည်ရွယ်ချက်များကို ရှင်း လင်းခဲ့သည်။ ထို့နောက် မြို့နယ် ကြက်ခြေနီအသင်း တပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒေါ်သီတာက ကြက် ခြေနီအသင်း စတင်ပေါ်ပေါက် လာပုံနှင့် ကြက်ခြေနီအသင်း ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များ အား ရှင်းလင်းကာ သင်တန်းသူ ၁၇ ဦးကို စာတွေ့၊ လက်တွေ့ ပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရ သည်။



(အောက်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**



**စာပေမြင့်မှ လူမျိုးတင့်မည်။**

ဖတ်စရာ၊ မှတ်စရာ စုံလင် မြန်မာ့နေ

## သင့်ကြောင့် မီးဘေးကင်းဝေးစေ

* နွေသို့ရောက်ပြီ
ရေလျှော့ပူပြင်းရာသီတွင်းမို့
မီးကြွင်းမီးကျန် ကြွင်းမကျန်အောင်
ဘေးရန်ဆီးကာ စစ်ဆေးပါ ။

* လေရူးနောက်ပွေ ရှက်ဝါကြွေ၍
လွင့်နေအမှိုက် ဂရုစိုက်ရင်း
မီးရန်ကင်းအောင်
ရှင်းလင်းပါလေ နေ့စဉ်ပေ ။

* မြို့လျှပ်စစ်မီး သုံးစွဲနည်းအား
ဆည်းပူးလေ့လာ ဘေးရန်ကွာစေ
ချိန်ကြာဟောင်းနွမ်း မီးသွယ်တန်းကြိုး
သက်တမ်းတိုးလို့ အသစ်ဆင်စေ ။

* မီးခြစ်မီးပွား ဆော့ကစားသည့်
သမီး၊ သားငယ် လူမမယ်ကြောင့်
ရန်စွယ်မီးဘေး မကျရေးလည်း
အလေးထား၍ သင်ပါလေ ။

* ဖယောင်းတိုင်မီး၊ ဘုရားမီးနှင့်
ဆီမီးထွန်းမှု သတိပြု၍
အခုအခံ ကာအရံထား
အိမ်သားတစ်ဦး စောင့်ကြပ်စေ ။

* မျက်ဝန်းတစ်မှိတ် တိတ်တဆိတ်၌
ဆေးလိပ်မှုစ မီးပွားကျ၍
ပြာသာဒ်မီးလောင် ဘေးကိုရှောင်ဖို့
အမောင်တို့လည်း သတိရှိစေ ။

* မီးလောင်လွယ်သည့် ပစ္စည်းရှိက
သတိလည်းကြီး ရေ၊ သဲ နီးအောင်
ဖန်တီးကာထား လေ့ကျင့်များစေ
သီးခြားခွဲ၍ထားပါလေ ။

* ဪ···
အသိ၊ သတိ ဆင်ခြင်မိ၍
ရှိသည့်ဥစ္စာ ပိုင်ဆိုင်ရာကို
နိုင်စွာထိန်းချုပ် နွေသရုပ်အား
ထုတ်နုတ်ဖော်ကျူး အလုထူးသည့်
နှစ်ဦးတေးသံ မြိုင်ဆိုင်ဝေ
သင့်ကြောင့် မီးဘေးကင်းဝေးစေ
မန်းရွှေမြို့ကြီး စိုစိုပြေ(ပြည်) ။ ။

**ထိန်ထိန်လင်း**

# သဲပုံစေတီတော်ကြီး တည်ထားပူဇော်မည်

**မန္တလေး မေ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၅၃၄+၅၃၅)၊ မုန့်တီစုရပ်တွင် သဲပုံစေတီတော်ကြီး တည်ထားပူဇော်ပွဲကို မေ ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



အဆိုပါ သဲပုံစေတီကြီးမှာ ဉာဏ်တော် ၂၅ ပေရှိ၍ တစ်ရက်တည်းနေ့ချင်းပြီး တည်ထားကြမည်ဖြစ်ပြီး ယခုနှစ်တွင် တည်ထားပူဇော်ကြခြင်းဖြစ်ပြီး ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)တွင် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်မည်ဖြစ်ကြောင်း အဆိုပါရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ (ဝဲပုံ) (ဝ၅၃)

# ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မေ ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ကာ နဝကမ္မအလှူငွေများ တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A) ဟောကြားတော်မူသော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး ဖခင်ကြီး ဦးဝင်းစိန်အားရည်စူး၍ ဇနီး ဒေါ်ဖြူနှင့် သားသမီးမြေးတစ်စု(ဝင်းမိုးကာရောင်းဝယ်ရေး) မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သိန်း၂၀၊ စုစုပေါင်းငွေသိန်း ၆၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) PNT**



# ဂန့်ဂေါတွင် စာသင်သားရဟန်းတော်များ၊ သာမဏေအတွက် ပရိယတ္တိဓမ္မပူဇာ ကျင်းပ

**ဂန့်ဂေါ မေ ၂၂**

သာသနာတော်အဓွန့်ရှည်ရေး စာသင်သားရဟန်းတော်များနှင့် သာမဏေများကို ပစ္စည်းလေးပါး ပူပင်မှုမရှိစေရန် ဂန့်ဂေါမြို့ မြို့မရပ်ကွက်၏ (၃)ကြိမ်မြောက် ပရိယတ္တိဓမ္မပူဇာ၊ ပတ္တိဒါန ပတ္တာနုမောဒနမင်္ဂလာကို မေ ၂၀ ရက်က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ မြို့မတောကျောင်း ယာပနီယကျောင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ ဘုရားရှိခိုးဖြင့်ဖွင့်လှစ်၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဝင် လယ်တီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခသာမိမဟာထေရ် အမှူးပြုသည့် သံဃာတော်များထံမှ ပရိတ်တော်နှင့် ဩဝါဒကထာကို နာယူကြသည်။



ဆက်လက်၍ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ကုသိုလ်ရှင်စေတနာရှင်များက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဂန့်ဂေါမြို့ မြို့မရပ်ကွက်၏ စာသင်သားရဟန်းတော်များ သာမဏေများအား ပရိယတ္တိပူဇာ ပူဇော်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့၍ ပဒေသာပင် စိုက်ထူကာ ပရိယတ္တိပူဇာကို နှစ်စဉ်ပြုလုပ်ခဲ့ရာ ယခုနှစ်တွင် စာချတန်းသုံးပါးအတွက် ငွေကျပ် ၁၀ သိန်းစီ၊ ပထမပြန်ငယ်၊ လတ်ကြီး ငါးပါးအတွက် ငွေကျပ် ၇ သိန်းစီ ပူဇော်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၃၈၈)

# မဟာကမ္မောဇကျောင်းတိုက်ဆွမ်းချက်ဆောင်ပစ္စည်းများ လှူဒါန်း

**မိုးကောင်း မေ ၂၂**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ ရှမ်းပိုင်းအုပ်စု၊ မဟာကမ္မောဇကျောင်းသို့ စားဆီ၊ ဆား၊ ဟင်းချိုမှုန့်၊ ဒီဇယ်ဆီ၊ ထင်းတို့ကို ယမန်နေ့က လှူဒါန်းကြသည်။

ဦးထွန်း+ဒေါ်ငွေမိသားစုတို့က ဆန်နှစ်အိတ်၊ ဦးမောင်(ကောင်းလွယ်)က ဆန်တစ်အိတ်၊ ဒေါ်မှန်ဆိုင်ကျော့မိသားစုက ဆန်တစ်အိတ်၊ ဦးဆိုင်းအိုက်+ဒေါ်နန်းသန်းမြမိသားစုက ဆန်တစ်အိတ်၊ ဦးမောင်စံ+ဒေါ်ခမ်းစိန်မိသားစုက ဆန်တစ်အိတ်၊ ဦးရီထွန်း+ဒေါ်ညွန့်မိသားစုက ဆန်တစ်အိတ်၊ ဦးလှရွှေ+ဒေါ်ခမ်းရင်မိသားစုက ဆန်တစ်အိတ်၊ ဦးအောင်မြတ်+ဒေါ်ဆိုင်း နန်းမိသားစုက ဆန်တစ်အိတ်၊ ဦးအောင်လှက ဆန်တစ်အိတ်၊ ဒေါ်ဆွယ်ဆိုင်ပေါင်းက ဆန်တစ်အိတ်၊ ဦးထွမ်းလှိုင်နှင့်မောင်နှမတစ်စုက ဆန်တစ်အိတ်၊ ဦးအောင်သန်း+ဒေါ်ခင်အေးမိသားစုက ဆန်တစ်အိတ်၊ ဒေါ်ဆိုင်နှင့် ဒေါ်ခမ်းလင့်တို့က ဆန်ရှစ်ပြည်၊ ဒေါ်ဆိက ဆားတစ်အိတ်၊ ဒေါ်မှိုင်းခမ်းက ကြက်သွန်ဖြူ ငါးပိဿာနှင့် ဟင်းချိုမှုန့်နှစ် ပိဿာ၊ ဒေါ်ရွှေစိမ်က ဟင်းချိုမှုန့်နှစ်ပိဿာ၊ ဦးအိုက်ရီ+ဒေါ်နန်းဆောင် မိသားစုတို့က စားဆီငါးပိဿာ၊ ဦးအောင်ဟန်+ဒေါ်နန်းကြည်မိသားစုတို့က ဆီ ငါးပိဿာ၊ ဒေါ်ဆိုင်အောင်မိသားစုတို့က စားဆီ ၁၀ ပိဿာ၊ ဦးငယ်လေး+ဒေါ်အေးတင်မိသားစုက စားဆီ ၁၀ ပိဿာ၊ ဦးခမ်းအိုက်+ဒေါ်ခမ်းမောင် မိသားစုတို့က စားဆီ ၁၀ ပိဿာ၊ ဦးရွက်ဟိန်း+ဒေါ်ဆမ်ပီး မိသားစုတို့က စား ဆီခြောက်ပိဿာ၊ ဦးအိုက်ဆာ+ဒေါ်လှိုင် မိသားစုတို့က စားဆီ ပိဿာ ၂၀၊ ဦးအိုက်အောင်ခမ်း+ဦးမြင့်အောင်၊ ဦးအိုက်ဆမ်နှင့်စိုင်းနောင့်မိသားစုတို့က ထင်းများကို လှူဒါန်းသည်။ ဒေါ်မှိုင်ဆိုင်ကြို၊ ဦးဆိုင်အောင်နှင့်ဒေါ်ရွှေကြည်မိသားစုတို့က ရေသန့်ဘူးများ လှူဒါန်းသည်။ဒေါ်ခမ်းလှ မောင်နှမများက မီးစက်၊ ဒီဇယ်ဆီအတွက် ငွေကျပ် ၁၅ သိန်း၊ ဦးစိုင်းမောင်အိုက်+ဒေါ်နန်းစိုးပန့်မိသားစုတို့က ငွေကျပ် ၁၅ သိန်းတို့ကို လှူဒါန်းကြရာ ဆရာတော်က ရေစက်ချအနုမောဒနာ တရား ချီးမြှင့်ကြောင်း သိရသည်။ (ဝ၄၃)

# ရွှေစင်ရွှေပြားများ ကပ်လှူရန်နှင့် ဘက်စုံပြုပြင်ရန် ငွေများလှူဒါန်း

**မန္တလေး မေ ၂၂**

မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။ မဟာမုနိဘုရားကြီးရွှေကျောင်းတော်ကြီး အပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် ၁ ကျပ်သား ၈ ပဲ သားရှိ ၉ လက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် အလှူရှင် ကမ္ဘည်းထိုး၍ လှူဒါန်းနိုင်ရာ မေ ၂၁ ရက်က ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)၊ ဆ-၃/၂၅နေ ဦးထွန်းဝင်း+ဒေါ်နန်းခင်မေလှိုင် မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဦးသန်းမိုးနိုင်+ဒေါ်တင်အေးမိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဘက်စုံပြုပြင်ရန် မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ၈၇လမ်းနှင့်၈၈လမ်းကြားနေ ဦးခင်မောင်ညွန့်+ဒေါ်သန္တာမိသားစုက ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မြင်းမူမြို့ ချစ်စုအထည်ဆိုင် မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို လာရောက်လှူဒါန်းရာဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့်မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း- ဝ၉-၄၄၄ဝ၄၄၄၇၅၊ ဝ၉-၄ဝ၂၅ ၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ဝ၄၅)



# ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ကျောက်ဆည် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ အေးမြကြည်လင်ရပ်ကွက်၊ အောင်မင်္ဂလာဘုရားဝင်းတွင် ယနေ့နံနက်ပိုင်းက ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသူများက နိုင်ငံတော်ဩဝါဒါစရိယ ဆူးကုန်းရပ်ကွက်၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးနာယက ပဓာနနာယက ဘဒ္ဒန္တခေမိန္ဒာစာရ ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအနုမောဒနာ တရားနာယူကြည်ညိုကြပြီး ပင့်သံဃာတော် အပါး ၆၀ ကို စာရေးတံမဲများ ဖွင့်ဖောက်ကပ်လှူခဲ့ကြသည်။ (ဝဲပုံ)

ထို့နောက် အလှူရှင်များက နိုင်ငံတော်ဩဝါဒါစရိယ ဆူးကုန်းရပ်ကွက်၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးနာယက ပဓာနနာယက ဘဒ္ဒန္တခေမိန္ဒာစာရ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်း၊ ဆွမ်းထမင်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်း။

# ရှင်သန်ခြင်းနေ့ရက်များနှင့်အာယု

ရေချမ်း-မန်း

စာရေးသူ မိတ်ဆွေနှစ်ဦး (မန္တလေးနယ်မြေ စာနယ်ဇင်း သတင်းစာလောကထဲမှ) သေမင်းတမန် တံခါးခေါက်၍ ဘဝကူးသွားခဲ့ကြပြီ။ ဒီနေ့ပဲ မန္တလေးနေ့စဉ်သတင်းစာက အယ်ဒီတာ ဦးအောင်သန့်ခိုင် မနေ့က ဆုံးပြီ။ မနက်ဖြန် သင်္ဂြိုဟ်မည်တဲ့။ စာရေးသူကြားသိရကာ နာရေးကူခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က စာရေးဖော် မိတ်ဆွေ ဆရာသံတိုင်ကို ဆုံးပါးသွားခဲ့သည်။ စာရေးသူနှင့် သက်တူရွယ်တူတွေပါ။ ကိုယ်လည်း ကိုယ့်သေနေ့ ဘယ်နေ့လဲ မသိနိုင်၊ မသိရပါ။ လူတို့တွင် သေမှန်းသေချာသော်လည်း ဘယ်နေ့၊ ဘယ်နေရာ၊ ဘယ်သုသာန်ချ သေမည် မသိသလို ဘယ်ရောဂါဝေဒနာဖြင့် မသိ၊ ဘယ်ဘုံ၊ ဘယ်ဘဝရောက်မည်မသိဟူသော မသိခြင်းငါးမျိုးနှင့် နေနေရလေသည်။

လူတိုင်းသည် ကံသတ္တိက ပေး၍ အချိန်တိုင်း အသက်ရှူခွင့်ရနေတာ၊ အသက်ရှင်သန်ခွင့်ရနေတာ ဖြစ်သည်။ ချဲ့ပြောရရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ထောက်ပံ့မှု လေးခုကြောင့် အသက်ရှင်သန်ခွင့်ရနေတာပါ။

**ကံကြောင့် အသက်ရှင်ခြင်း**

လူတို့တွင် ကံကြောင့် အသက်ရှင်သည်။ သက်တမ်းရှိ၍ နေနေရသည်။ ကံရော သက်တမ်းရော ရှိသေး၍ အသက်ရှင်သန်နေရခြင်း ဖြစ်သည်။ **'ကံသာလျှင် အမိ ကံသာလျှင် အဖ'** ဟု အဘိဓာသုတ်တွင်လည်း ပါရှိသည်။ ထိုကံတို့ကလည်း အတိတ်ဘဝ၊ ယခုဘဝ မိမိပြုသော ကာယ၊ ဝစီ၊ စိတ္တသင်္ခါရ ပြုမှုမှုတို့သာ ဖြစ်ချေသည်။ ထိုကံတို့က အခြေအနေရ ဆက်မပေးတော့ပါလျှင် ရုတ်တရက် တစ်ခုခုဘေးကြုံကာ သေရ၊ ပျက်စီးရတတ်ပါသည်။ ရောဂါဝေဒနာကြောင့် မဟုတ်ဘဲ ဘေးဆိုးတစ်ခုခုကြောင့် သေကြရခြင်းပါ။

**စိတ်ကြောင့် အသက်ရှင်ခြင်း**

လူတွင် ရုပ်နဲ့ နာမ်သာရှိသည်။ နာမ်ခန္ဓာကို ထပ်မံခွဲခြမ်းရပါလျှင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူ၍ ဖြစ်သည်။ ဝေဒနာက ခံစားမှုအသိ၊ သညာက မှတ်သားမှုအသိ၊ သင်္ခါရက လှုံ့ဆော်မှုအသိ၊ ဝိညာဏ်က သိမှုသဘောအသိတို့ဖြစ်ရာ ချုပ်ရလျှင် သိနေခြင်း၊ သိမှုသဘောသည် **'စိတ်'** ပင် ဖြစ်သည်။ သာမန် လူကောင်းတွင် အမှား၊ အမှန် သင့်ခြင်းနှင့် မသင့်ခြင်းကို ခွဲခြားသိနိုင်သည်။ ထိုအသိ၊ ထိုစိတ်ဖြင့် ဦးဆောင်အသက်ရှင်နေခြင်းသာဖြစ်သည်။ ဝေဒနာတစ်ခုခုကို မခံစားနိုင်တော့၍လည်းကောင်း၊ ဖြစ်ရပ် ဖြစ်စဉ်တစ်ခုကို မကြုံတွေ့လို၍လည်းကောင်း စိတ်သည် ပုံမှန်မဟုတ်တော့ဘဲ စိတ်ဖောက်ပြန်ကာ တစ်နည်းနည်းဖြင့် အဆုံးစီရင်သွားကြသည်။ ယင်းသည် စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြောင့် သေရခြင်းပင်ဖြစ်သည်။ မတည့်သည့်အရာကို အဆိပ်တစ်မျိုးမျိုးကို သိသင့်ပါလျက် မသိတော့ဘဲ အသိသည် မှန်ကန်မှုမပြတော့ဘဲ အသိမှားကာ စားခဲ့လျှင်လည်း သေရပါတော့သည်။

**ဥတုကြောင့် အသက်ရှင်ခြင်း**

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ထောက်ပံ့နေမှု လေးခုကြောင့် လူတို့ အသက်ရှင်ရနေခြင်းဖြစ်သည်။ ထိုလေးမျိုးလုံးဖြတ်မှမဟုတ် တစ်မျိုးမျိုးဖြတ်လျှင်လည်း သေရပါသည်။ ထိုလေးခုသည် သတ္တဝါတို့၏ ရှင်သန်မှုမှီရာ၊ ရှင်သန်နေမှုကို ထောက်ပံ့ပေးရာ **မှီတိုင်လေးခု** ဟုလည်း ဆိုရပါမည်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်က **အတ္တခန္ဓာ** ဟု မဆို၊ **အနတ္တခန္ဓာ** ဟု ဟောမိန့်ထားခဲ့ခြင်းဖြစ်သည်။ ငါပိုင်သည် အတ္တဟုဆိုလျှင် ဒီ ငါ့ခန္ဓာကြီး ရောဂါဘေးတွေ မဖြစ်ပါစေနဲ့၊ ကောင်းတာတွေပဲ ဖြစ်နေပါပေ့လား ဟု စီမံခန့်ခွဲ၍ ရရလေမပေ့ါ၊ ယင်းကို စီမံခန့်ခွဲ၍ မရပါ။ ဒီအချက်ကို ဥပမာပေး၍ ခန္ဓာငါးပါးလုံး အနတ္တ ငါမပိုင်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု **အနတ္တလက္ခဏာသုတ်တော်** တွင် ဟောမိန့်ထားပါသည်။

ထိုအကြောင်းတရားများကြောင့် သတ္တဝါ၏ မှီရာတစ်ခုဖြစ်သော ဥတုဖောက်၍လည်း သေကြေပျက်စီးရတတ်သည်။ အပူရှပ် အပူလှိုင်းမိသေခြင်း၊ အအေးလွန်၍ သေခြင်းများ ရှိနေခြင်းဖြစ်သည်။ ဥတုမမျှက မျှတအောင် စီမံနေတတ်ဖို့ လိုပါသည်။ ဥတုသည်လည်း သတ္တဝါတွေ ရှင်သန်နေဖို့ ထောက်ကန်ထားခြင်း တစ်ပါးပါ။ နေ့ရော ညရော တောက်လျှောက်ပူနေ၊ လင်းနေပါလျှင် လူတို့ အသက်ရှင်မည်မဟုတ်၊ အိပ်စက်နားနေဖို့လည်း ခက်ခဲမည်ဖြစ်သည်။

**အာဟာရကြောင့် အသက်ရှင်ခြင်း**

အာဟာရကြောင့် အသက်ရှင်နေခြင်းက သိသာသည့်အချက်ဖြစ်သည်။ လူသတ္တဝါတို့ နေ့စဉ် အာဟာရတစ်ခုခုကို မှီဝဲစားသောက်ပေးနေရသည်။ သတ္တဝါတို့၏ ခန္ဓာကိုယ်တွင် အစာဝင်ရောက်ဖြည့်တင်းပေးပါမှ တေဇောဓာတ်တစ်မျိုးဖြစ်သော ပါစက မီး(တေဇော)က ချေဖျက်ပေးပြီး အာဟာရဓာတ်များဖြစ်ပေးကာ လူသတ္တဝါတို့ အသက်ရှင်နေကြရခြင်းဖြစ်သည်။ အာဟာရတွင် ပထဝီ(အသားဓာတ်၊ အဆီဓာတ်)များလည်း ပါသလို အာပေါ(ရေဓာတ်)လည်း ပါဝင်သည်။ ဒါကြောင့် လူသတ္တဝါတို့မှာ အသက်ရှင်သန်အောင် အစာလည်း စားပေးရသလို ရေကိုလည်း သောက်ပေးရသည်။ အစာဖြတ်၊ ရေဖြတ်ခြင်းသည် လူတို့ကို ထိခိုက်စေသည့် ပြစ်ဒဏ်ပေးခြင်းမျိုးဖြစ်သည်။ အာဟာရတွင်လည်း အသက်ရှည်ဖို့ရန် ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ် ထိုဓာတ်လေးမျိုး ခန္ဓာကိုယ်မှာ မျှတနေဖို့ရန် လိုပါသည်။ ဓာတ်လေးပါး ညီ၊ မျှတနေခြင်းသည် ကျန်းမာနေခြင်းပင်ဖြစ်သည်။

**အထောက်အပံ့လေးမျိုးနှင့်**
**မိုးကုတ်ဆရာတော်ကြီးပေးသည့် ဥပမာ**

'သူတော်ကောင်းတို့ ဒကာ၊ ဒကာမကြီးတို့ရေ၊ ကျွန်ုပ်တို့ခန္ဓာကြီးက ဘေးတွေ ရန်တွေနဲ့ ပြည့်နေတာဗျ။ လေးဘက်လေးတန်ကနေ တောင်ကြီးတွေ၊ ကျောက်တုံးကြီးတွေ ကျွန်ုပ်တို့ဆီ လိမ့်လိမ့်ပြီး လာနေတာဗျ။ ခြေထောက်တစ်ဖက်မရှိလို့ ချိုင်းထောက်နဲ့ ခြေတစ်ဖက် လွဲလွဲပြီး သွားနေလို့ ရသေးတယ်။ ခြေတစ်ဖက်မရှိလည်း ချိုင်းထောက်အားကိုးသွားနေလို့ ရသေးတယ်။ ကျွန်ုပ်တို့ ခန္ဓာကြီးက ဓာတ်လေးပါးမှာ တစ်ပါးပါးဖြတ်တာနဲ့ကို မရဘူးဗျ။ ကိုယ်ကျိုးနည်းကြမှာ။ ကံဖြတ်လည်း မရ၊ ဥတုဖြတ်လည်း မရ၊ အာဟာရဖြတ်တော့လည်း သေရမှာ။ စိတ်ဖြတ် စိတ်ဖောက်ပြန်တော့လည်း သေရမှာပဲဗျ။ မမြဲမှုမှ ပေါ်လွင်နေတာချည်းပါ' ဟု ဟောမိန့်ခဲ့ပါသည်။

**အသက်ရှည် ကျန်းမာချင်လျှင်**

ကံကောင်းတဲ့အလုပ်တွေ လုပ်ပါမှ သက်ရှည်ကျန်းမာမည်ဖြစ်သည်။ ကံကောင်းသည့် အလုပ်များသည် ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ကာ ဒါန၊ သီလ၊ ဘာဝနာမှုများပြုခြင်း၊ သူတော်ကောင်းတရားများ ကျင့်ကြံပွားများခြင်း၊ ကောင်းသည့်အမှုများပြုခြင်း၊ စိတ်ထဲရှင်းအောင် နေတတ်ခြင်းတို့ ပါဝင်သည်။ ဖြစ်ချင်တာတွေ မဖြစ်ရသေး၍ စိတ်သောကများနေလျှင်လည်း စိတ်မချမ်းသာ၍ ကိုယ်ကျန်းမာမှုကို ထိခိုက်စေမည်ဖြစ်သည်။ **'စိတ်ထောင်းတော့ ကိုယ်ကြေ'** ဆိုစကား ရှိသည်မဟုတ်ပါလော။ စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာများကား လူတိုင်း ကြုံတွေ့ကြရမည်ပါ။ ဖြေတတ်ဖို့၊ တွေးတတ်ဖို့ လိုပါသည်။ တရားတော်များကို နာယူပါ၊ ဆင်ခြင်ပါ၊ လောကဓံမို့ ကိုယ့်အလိုတိုင်း မဖြစ်တာမို့ဆိုတာကို နှလုံးသွင်းကာ စိတ်ဆင်းရဲစရာက သူ့သဘောမို့ ကြုံတာပဲ။ ငါမယူဘူး။ ငါလုပ်စရာရှိတာ ဆက်လုပ်နေမယ်ဆိုတာမျိုး နှလုံးသွင်းတတ်ဖို့ လိုပါသည်။ အစွဲကြီးနေလျှင် ပို၍ စိတ်ဆင်းရဲရကာ ကိုယ်ကျန်းမာမှုကို ထိခိုက်စေပါမည်။

**ဓာတ်လေးပါးမျှတအောင်နေ၊ အစာလည်းဆေး၊**
**ဆေးလည်း အစာ ဂရုပြုပါ**

ခန္ဓာကိုယ်သည် မိမိ နေ့စဉ် နေ့စဉ် စားလိုက်သည့် အစာအာဟာရများပေါ် မှီကာ ပြောင်းလဲနေရကား အဆီ၊ အသား၊ အဆိမ့်များများ စားမိက လှုပ်ရှားမှုနည်းပါက အဆီတွေ ပိုလာမည်၊ သွေးကြောတွေ ကြမ်းလာ၊ မာလာမည်။ သွေးကြောများတွင် အဆီများ တစ်ဆို့လာမည်ဖြစ်ရကား သွေးတိုးခြင်း၊ အသည်းအဆီဖုံးခြင်းများ ဖြစ်ကာ မလိုလားအပ်သည့် ရောဂါများ ရှိလာမည်။ မျှစ်၊ မြေပဲ၊ မြေတွင်းဥအမျိုးမျိုး၊ ဆူးပုပ်၊ တညင်းသီး၊ ပုရစ်၊ မြေအောင်းသား စသည့် တက်စာများ ကြိုက်တတ်သူ၊ မကြာခဏ စားသူများသည် အဆစ်အမြစ်ရောင်ခြင်း၊ ကိုက်ခြင်း၊ သွေးတိုးခြင်း၊ ခေါင်းထိုးကိုက်ခြင်း၊ ဇက်ကြောတင်းခြင်း စသည့် တက်စာ၏ လက္ခဏာများ ဖြစ်လာတတ်သည်မို့ တက်စာများ ရှောင်ရန်၊ စားချင်က နည်းနည်းသာ စားရန် လိုသည်။ ငယ်ရွယ်သူများ အနောက်တိုင်းဆေး၊ မြန်မာတိုင်းရင်းဆေးဖြင့် ကယ်နိုင်သည် ထားဦး အသက်အရွယ်ကြီးသူများအဖို့ ဤတက်စာများ၊ မတည့်စာများကြောင့် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ပါသည်။ သတိပြုကြပါရန်။

စာရေးသူသည် မနှစ်က ပုသိမ်ကြီးမြို့နယ်၊ အုန်းချောရွာရှိ သမားတော်ကြီး ဒေါက်တာမိုးစကြာထံ အဘိဓမ္မာတောင်သာ မြန်မာ့တိုင်းရင်းဆေးသင်တန်းကို တစ်လ သွားရောက်သင်တန်းတက်ခဲ့ပါသည်။ ဤတွင် လူသတ္တဝါတို့၏ ခန္ဓာသည် ဓာတ်လေးပါးနှင့် တည်နေကြောင်း၊ ဓာတ်လေးပါးသည် ခန္ဓာတွင် မျှတနေပါက အသက်ရှည်မည်ဖြစ်ကြောင်းကို ပို၍ ထင်ရှားစွာ သိခဲ့ရသည်။ ဆရာမိုး၏ သင်ခန်းစာမှ အနည်းငယ် ထုတ်နုတ်ရေးသားရပါလျှင်-

**'ဓာတ်လေးပါး မညီညွတ်၍ ဒုက္ခခံစားနေရတာသည်'** ရောဂါဖြစ်သည်ဟု ဆိုသည်။

**'ဆေး'** ဆိုသည်၏ အဓိပ္ပာယ်မှာလည်း 'ပဋ္ဌဓာတု၊ ညီညွတ်မှုကို ပြုနိုင်သည်သာ ဆေးမည်ရာ၏' လို့ ဖြစ်ပါတယ်။ သာမန်အားဖြင့် ဓာတ်လေးပါး အတိအကျဆို ဓာတ်ငါးပါးပါ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနှင့် အာကာသဓာတ်တို့ပါ။ အာကာသဓာတ်က ခန္ဓာထဲတွင် လစ်ဟာနေသည့်အပိုင်း ဓာတ်သဘောတစ်ခု ဖြစ်ပါသည်။ လူသည် တွန်းအားပေးသည့် အလုပ်ဟု မိမိနားလည်ပါသည်။ ဥပမာ- ဝမ်းထဲက အစာဟောင်းသည် **ပထဝီ** ဖြစ်သည်။ အစာဟောင်း အပြင်ရောက်အောင် စွန့်လိုက်ခြင်းက **'အာကာသဓာတ်'** ကြောင့် ဖြစ်သည်။ အစာဟောင်းသည် ကျင်ကြီးဖြစ်သွားလျှင် **'ပထဝီအာကာသ'** ဖြစ်တော့သည်။ အလားတူ 'ဆီး' အိမ်ထဲမှ 'ဆီး' သည် ဓာတ်အရ **အာပေါ**၊ ကျင်ငယ်အဖြစ် စွန့်နိုင်ရန် အာကာသပေါင်းလေးမှ ကျင်ငယ်ဖြစ်သွားလျှင် **အာပေါအာကာသ** ဖြစ်တော့သည်။

လူတွင် အနာရောဂါမရှိမှသာ ကျန်းမာခြင်းဖြစ်မည်။ 'အနာရောဂါ' ဆိုသည်ကို သင်တန်းတွင် ဤသို့ မှတ်သားရသည်။

**'လေးပါးဓာတ်မြစ် မညီညွတ်၍**
**ဝဋ်ဒုက္ခပေါင်း မရှောင်သာမြဲ**
**ဆင်းရဲခံရိုး တို့လူမျိုးဝယ်**
**ဓာတ်နိုးဓာတ်ကင်း လှုပ်ရှားခြင်းကို**
**နှိမ်နင်းကလူ အနာဟူ၍**
**အယူဝါဒ ရှိကြကုန်၏'** ဟု ဆိုပါတယ်။

ဓာတ်လေးပါးမှာ တစ်ပါးပါးဟာ **လွန်** တာ၊ **လို** တာ၊ **လွဲ** နေတာရှိတတ်ပါတယ်။ မြန်မာတိုင်းရင်းဆေးက ဓာတ်တစ်ပါးပါး **လွန်** နေရင် **ထုတ်** ပေးရမယ်။ **လို** နေရင် **ထည့်** (သို့မဟုတ်) **ဖြည့်** ပေးရမယ်။ အဲ- **လွဲ** နေရင် **ထွင်** ပေး (သို့မဟုတ်) **ဖြေ** ပေးရပါမယ်တဲ့။

စာဖတ်သူအပေါင်း မိမိရထားတဲ့ ဓာတ်လေးပါးအစု ခန္ဓာကိုယ်ကြီးပေါ်မှာ ဉာဏ်နဲ့ စောင့်ရှောက်ပြီး အိပ်၊ စား၊ သွားတိုင်း **သတိ** လေးနဲ့ အသက်ရှည်အောင်၊ ဓာတ်မျှအောင် ကြိုးစားနေတတ်၊ ထိုင်တတ်၊ စားတတ်ကြပါ။ ဘာကိုမှ အလွန်အမင်း မစားပါနဲ့။ အသက်ရှည်ချင်ရင် စိတ်အလို မလိုက်ကြပါနဲ့လို့ မေတ္တာဖြင့် နှိုးဆော်ရေးသားလိုက်ရပါတယ်။ ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ထောက်ပံ့နေမှု လေးခုကြောင့် လူတို့ အသက်ရှင်ရနေခြင်းဖြစ်သည်။ ထိုလေးမျိုးလုံးဖြတ်မှမဟုတ် တစ်မျိုးမျိုးဖြတ်လျှင်လည်း သေရပါသည်။ ထိုလေးခုသည် သတ္တဝါတို့၏ ရှင်သန်မှုမှီရာ၊ ရှင်သန်နေမှုကို ထောက်ပံ့ပေးရာ မှီတိုင်လေးခုဟုလည်း ဆိုရပါမည်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်က အတ္တခန္ဓာဟု မဆို၊ အနတ္တခန္ဓာဟု ဟောမိန့်ထားခဲ့ခြင်းဖြစ်သည်။

# အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**အလုံ ဧပြီ ၂၂**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေနှင့်အညီ




ကျန်ရစ်သူငွေကြေး အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဖူလုံရေး ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံဒု-ညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အလုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Shwe Taung Development Co.,ltd. အာမခံအလုပ်သမား ဦးဆန်နီအောင်၏ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ခဲ့မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ဇင်မာဝင်းထံ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံနှင့် အလုပ်ဌာနမှ တာဝန်ရှိသူများ၏ ရှေ့တွင် လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ယောရော(မြို့နယ်ပြန်/ဆက်)**

၀-၀-၀-၀-၀

# လေပြင်းတိုက်ခတ်မှုကြောင့် ကားလမ်းမပေါ် သစ်ပင်များလဲကျ၍ ခုတ်ထွင်ရှင်းလင်း

**ညောင်ဦး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဧပြီ ၂၁ ရက် ညနေ ၅ နာရီ ၅၅ မိနစ်ခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပုဂံမြို့ဟောင်းသွားကားလမ်းမပေါ် သစ်ပင်များလဲကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် သွားရောက်ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့အမှတ်(၇)၊ ဝက်ကြီးအင်းရပ်ကွက် ရွှေလိပ်တူးဘုရားအနီး ပုဂံမြို့ဟောင်းသွား ကားလမ်းမပေါ်တွင် ပင်စည်လုံးပတ် တစ်ပေခွဲခန့်ရှိ သက်တမ်းရင့် ထနောင်းပင်အမြစ်လန်လဲကျခြင်း၊ အမှတ်(၅)စည်ပင်သာရပ်ကွက် ရွှေစည်းခုံဘုရား တောင်ဘက်စောင်းတန်းထိပ်အနီး ကားလမ်းတွင် ပင်စည်လုံးပတ်နှစ်ပေခွဲခန့်ရှိ သက်တမ်းရင့် ထနောင်းပင်လဲကျခြင်းတို့ ဖြစ်ပွားကာ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့၊ အမှတ်(၅) သိကြားရပ်ကွက်နေ ဦးရဲသူရထွန်း ပိုင်ဆိုင်သော ၁၀ ပေပတ်လည် သွပ်မိုး၊ ထရံကာ မြေစိုက်လူနေအိမ်ပေါ်သို့ ပင်စည်လုံးပတ်သုံးပေခန့်ရှိ ထနောင်းပင်လဲကျနေမှုအား အန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေးအတွက် သွားရောက်ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သစ်ပင်လဲကျမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် အခြားအဆောက်အအုံများ ထိခိုက်မှု မရှိကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။ **(အောက်ပုံ)**

(၄၄၅)



# မီးဘေးသင့်အိမ်ထောင်စုကို ထောက်ပံ့ငွေများ ပေးအပ်



**တောင်တွင်းကြီး ဧပြီ ၂၂**

သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ပြည်သူများအား လတ်တလော စားဝတ်နေရေးသက်သာချောင်ချိမှုရရှိစေရေးအတွက် အထောက်အပံ့ပေးရန်နှင့်သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်၊ ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ မီးဘေးသင့် အိမ်ထောင်စုတစ်စုအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့ညနေ ၄ နာရီက မီးဘေးသင့်ပြည်သူများ နေအိမ်များသို့ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးတို့က မီးဘေးသင့် အိမ်ထောင်စုတစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၁၁၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မီးဘေးသင့်အိမ်ထောင်စုအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိသားနီးမြေ)**

၀-၀-၀-၀-၀

# မြစ်သားမြို့နယ်အတွင်း၌ နှမ်းဖြူများ အောင်မြင်ထွန်းလျက်ရှိ

**မြစ်သား ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက စားသုံးဆီ ဖူလုံပို့လျှံရေးအတွက် ကင်းတားဆည်ရေနှင့် ပန်းလောင်မြစ်မှမြစ်ရေတင်ခြင်းတို့ဖြင့် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းဖြူများကို စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင် နှမ်းဖြူများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်သဖြင့် ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာ နှမ်းဖြူစိုက်တောင်သူများသည် ပေါင်ကန့်ရေသွင်းစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကလျှင် တစ်ပြည်နှင့် လေးဘူးသာကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းဖြူစိုက်ခင်းများ အပွင့်၊အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ ယခုနှစ်တွင် နှမ်းဖြူစိုက်တောင်သူများ ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း နှမ်းဖြူစိုက်ပျိုးသော တောင်သူများထံမှ သိရသည်။

မြစ်သားမြို့နယ်အတွင်း၌ ယခုနှစ် နှမ်းစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် နှမ်းများရိတ်သိမ်းပြီးစီးချိန်တွင် မိုးစပါးသီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရန်အတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**ကဝါဝါမြင့်(မြစ်သား)**

# ဒေသထွက် ထိုင်ဝမ်ခရမ်းချဉ်သီး ဈေးကျသော်လည်း ရောင်းအားကောင်းသဖြင့် ပုံမှန်ဝင်ငွေရရှိ

**ကျွန်းလှ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး ရာသီအလိုက် ကာလတို၊ ကာလရှည်သီးနှံမျိုးစုံ



စိုက်ပျိုးထုတ်လုပ်ကြရာ ထိုင်ဝမ်ခရမ်းချဉ်သီး ဈေးနှုန်းကျဆင်းသော်လည်း ရောင်းအားကောင်းသဖြင့် ပုံမှန်ဝင်ငွေရရှိနေကြသည်။

"ဒီနှစ် နွေရာသီမှာ ချောင်းရေတင်ပြီး ထိုင်ဝမ်ခရမ်းချဉ်မျိုး နှစ်ထုပ်စိုက်ပျိုးခဲ့ရာ ငွေကျပ် ငါးသိန်းခန့် ကုန်ကျပါတယ်။ ပျိုးထောင်ချိန်မှ သီးနှံပေါ်ချိန်အထိ အမြဲဂရုစိုက်ရတဲ့ သီးနှံလည်း ဖြစ်ပါတယ်။ စိုက်ပျိုးပြီး တစ်လခွဲခန့်ကြာ အသီးများ စတင်ဆွတ်ခူးရောင်းချရပါတယ်။ အခုအခါ နှစ်ရက်ခြားတစ်ခါကောက်ရင် ပိဿာချိန် ၁၀၀ ကျော်ရပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ရောင်းရပါတယ်"ဟု ရှမ်းစုကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးသူ ဦးမျိုးထွန်းက ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း စပါး၊ အပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် အခြားသီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၈၀)

# အငြိမ်းစားဝန်ထမ်းများ၏ ဧပြီလအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

**ကံမ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ ဧပြီလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့နံနက် ၆ နာရီမှ စတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက်၊ကျေးရွာများမှ ပင်စင်စားများအား ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများ အနေဖြင့်လည်း မိသားစုဝင်တစ်ဦးဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း၊ ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၁၈ ဦး၊ ကာကွယ်ရေးပင်စင် ၁၇၆ ဦး၊ ရဲတပ်ဖွဲ့ ပင်စင် ၄၅ ဦး၊ နိုင်ငံရေးပင်စင် ၆၅ ဦး နှင့် မြန်မာ့စီးပွားရေးဘဏ် ပင်စင်ရှစ်ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၉၁၂ ဦး ရှိကြောင်း ကံမမြို့ မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၉)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်သူ(ဘ)ဦးငွေဦး(၁၃/မဘန(နိုင်)၀၂၄၁၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးရဲဝင်း (LL.B)** အထက်တန်းရှေ့နေ
**ဦးပြည့်ကိုကို (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မြင့်မြင့်အေး (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ချောစု (LL.B)** အထက်တန်းရှေ့နေ
**ဦးဝင်းမောင် (LL.B)** တရားလွှတ်တော်ရှေ့နေ

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၅)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးညီညီ(ဘ)ဦးထွန်းမြိုင်(၉/မထလ(နိုင်)၁၇၃၈၈၆)အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးခြမ်းဧရိယာ(၂၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အဦး၊ (ရေ+မီး)အပါအဝင်ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဖြိုးမင်းထွန်း(ဘ)ဦးသိန်းထွန်း(၉/မရတ(နိုင်)၀၀၀၉၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးသီတာအောင် (LL.M)**
**ဒေါ်စာနည်အောင် (LL.B)**
**ဒေါ်သန်းသန်းဝင်း (LL.B)**
**ဒေါ်ထက်ထက်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**

အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၄၀/၆၁၉)၊ ရွှေကွန်ချာလမ်းပေါ်၊ အမကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးစိုးညွန့်(၉/အမရ(နိုင်)၀၀၃၈၇၁)က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၁)၊ ဦးပိုင်အမှတ်(၈၉/ခ)၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ ကျန်စစ်လမ်းနှင့် ပရံတော်လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၆၈၄၆/၉၂-၉၃)အရ ဦးကျော်စိုး မှတ်ပုံတင်အမှတ်(၉/မနတ(နိုင်)၀၆၈၃၃၈)အမည်ပေါက်သို့ မြေရာဇဝင်(၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးကျော်စိုး မှတ်ပုံတင်အမှတ်(၉/မနတ(နိုင်)၀၆၈၃၃၈)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၂၇လမ်း၊ ၆၁(B)လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇင်မာသက်(၉/ခအဇ(နိုင်)၀၂၅၂၈၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၃)၊ ဦးပိုင်အမှတ်(၂၉)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိမ့်စိမ့်ယဉ်(၁၀/မဒန(နိုင်)၂၃၅၂၁၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၁)၊ ဦးပိုင်အမှတ်(၄၆)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၉လမ်းနှင့် လမ်း၁၃၀ကြားရှိ ဦးချစ်သောင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကျော်စွာထွေး၊ ဒေါ်သီတာအေးတို့က တရားပြိုင် ဦးချစ်သောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၂၇/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကျော်စွာထွေး(၉/မကန(နိုင်)၁၁၃၅၄၂)၊ ဒေါ်သီတာအေး(၁၃/ကမန(ဧည့်)၀၀၀၉၁၈)တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၈)၊ ဦးပိုင်အမှတ်(၁၁)ခဲစင်း၊ ၅၂လမ်း၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ထွေး(၉/ပသက(နိုင်)၀၄၃၄၄၀)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၆၃/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူအောင်(၉/ပကခ(နိုင်)၀၀၅၀၅၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၂၈)၊ ဦးပိုင်အမှတ်(၁၀)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးညီမင်းလွင်(၁၂/ဗဟန(နိုင်)၀၀၇၉၅၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေယံထွန်း(၉/ခမစ(နိုင်)၀၄၃၄၃၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၃)၊ ဦးပိုင်အမှတ်(၂၆)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထက်ထက်ဦးဝေ(၁၀/မဒန(နိုင်)၂၂၃၂၂၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်အမှတ်(၁)၊ လမ်း၆၀နှင့် ၆၀(C)လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြားရှိ ဗက သိန်းဌေးအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဆွေလှိုင်မြင့်က တရားပြိုင် ဗိုလ်ကြီး သိန်းဌေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၇၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးဆွေလှိုင်မြင့်(၉/ကဆန(နိုင်)၁၂၃၀၅၉)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၉)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့်ကျော်(၁၃/သပန(နိုင်)၀၀၀၂၅၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၂၂/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟော်ကွေ့ဖျင့်(၁၃/လရန(နိုင်)၀၆၉၅၀၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၄၀)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းနု(၉/ပသက(နိုင်)၀၅၀၈၄၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၄၉၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နွယ်ထွေး(၁၃/နမတ(နိုင်)၀၃၅၂၆၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၇)၊ ဦးပိုင်အမှတ်(၂၂)ခဲစင်းတောင်ခြမ်း+မြောက်ခြမ်း၊ ၆၉လမ်းပေါ် ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (ခင်ပွန်း)ဦးညဏ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၉၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် (ဇနီး)ဒေါ်ထွေးစိန်(၁၂/သကတ(နိုင်)၀၄၄၉၃၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်အမှတ်(၃၈-က)၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်နိုင်(၉/စကတ(နိုင်)၀၁၄၉၄၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၁၀)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့်ကျော်(၁၃/သပန(နိုင်)၀၀၀၂၅၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၂၂/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟော်ကွေ့ဖျင့်(၁၃/လရန(နိုင်)၀၆၉၅၀၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၂

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

# ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ စီးပွားရေးကဏ္ဍ၊ နယ်စပ်ဒေသ ကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံဘဏ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင် နယ်စပ်ကုန်သွယ်ရေးနှင့် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**






## MFF Summer Football Skills Course 2026 (ရန်ကုန် Batch 1) သင်တန်းသားများအား AIA Coaching Clinic 2026 အစီအစဉ် လူရွေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၂**

AYA Bank မှ Main Sponsor အဖြစ် ပါဝင်ထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(Myanmar Football Federation)မှ ကြီးမှူးကျင်းပသည့် MFF Summer Football Skills Course 2026 (ရန်ကုန် Batch 1) သင်တန်းသားများအား AIA Coaching Clinic 2026 အစီအစဉ်အတွက် လူရွေးပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံးအကယ်ဒမီ(Academy Artificial Turf)၌ ကျင်းပမည်ဖြစ်သည်။

AIA Coaching Clinic 2026 အစီအစဉ်သည် ဘောလုံးအားကစားကို ချစ်မြတ်နိုးသော လူငယ်ဝါသနာရှင်များအတွက် ကမ္ဘာ့အဆင့်အတန်းမီ ဘောလုံးအတွေ့အကြုံကောင်းများ ရရှိစေမည့်အစီအစဉ်တစ်ခုဖြစ်ပြီး England Football Association အဆင့် နိုင်ငံတကာနည်းပြများက ရန်ကုန်မြို့တွင် နှစ်ရက်ခွဲ၍ မေလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ **နိုင်ကမ္ဘာ**

## PDF အမည်ခံအဖွဲ့များ ဥပဒေဘောင်အတွင်း ခိုလှုံဝင်ရောက်ရန် ဖိတ်ခေါ်နှိုးဆော်တိုက်တွန်း

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်ပြီး ပြည်ပသို့ ထွက်ပြေးသွားခဲ့ကြသူများက ဥပဒေအခြေခံမရှိဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့ကို တရားမဝင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကာ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်အတွက် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်စေခဲ့ကြသည်။

CRPH နှင့် NUG တို့သည် နိုင်ငံရေးအရ မှန်ကန်ခိုင်မာသည့် ရပ်တည်ချက်မရှိဘဲ ရှေ့နောက်မညီသည့် ထုတ်ပြန်ပြောဆိုမှုများကို ပြုလုပ်ခဲ့သည်။ CRPH က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး NUG ကို ဖွဲ့စည်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ CRPH က ကြေညာသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပျက်ပြယ်သွားပြီဆိုပါလျှင် ၎င်းတို့ လွှတ်တော်ကိုယ်စားလှယ်များဆိုသည်မှာလည်း အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဆိုသည်မှာလည်း ရှိတော့မည်မဟုတ်သကဲ့သို့ NUG ကို ဖွဲ့စည်း၍ပင် မရတော့ပေ။

စာမျက်နှာ ၆ သို့ ⚪

## ပီအက်စ်ဂျီအသင်းက နန့်တက်စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ပါရီ ဧပြီ ၂၂**

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲက ပီအက်စ်ဂျီအသင်းနှင့် နန့်တက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက နန့်တက်စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၃ မိနစ်နှင့် ၅၀ မိနစ်တွင် ကာဗာရက်ခ်ီလီယာ၊ ပွဲချိန် ၃၇ မိနစ်တွင် ဒူးစ်တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ် (၂၉)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**

